# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၁၁)၊ ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ ၃-၇-၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအကြားအလပ်မရှိ အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိ





**နေပြည်တော် ဇူလိုင် ၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပပြုလုပ်သည်။ **(ယာပုံ)**

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်နှင့် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက Online ဖြင့် တက်ရောက်ကြသည်။

**ငြိမ်းချမ်းရေးကိုမဖြစ်မနေ တည်ဆောက်ရမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး အကြားအလပ်မရှိ အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖော်ဆောင်ရာ၌ နယ်မြေတည်ငြိမ်အေးချမ်းရေးသည် များစွာအရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှု ပိုမိုခိုင်မာလာစေရန်အတွက် မူဝါဒများခိုင်မာမှု၊ ညှိနှိုင်းပေါင်းစပ်တာဝန်ယူဆောင်ရွက်မှု၊ အစိုးရနှင့် ပြည်သူပူးပေါင်းပြီး အားတက်သရောဆောင်ရွက်မှုတို့ လိုအပ်ကြောင်း၊ ယနေ့အစည်းအဝေး၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းစီမံကိန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြဆွေးနွေးကြရန် ဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာစေရေး ရည်မှန်းချက်များထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများအနေဖြင့် အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူးများက လက်ရှိဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ် ၊ ဇူလိုင် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။

## မြန်မာအမျိုးသမီးများနေ့

၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်နေ့သည် မြန်မာနိုင်ငံဒေသ အသီးသီးမှာ နေထိုင်ကြသော မြန်မာအမျိုးသမီးများအားလုံး အတွက် ထူးခြားလေးနက်သည့် နေ့တစ်နေ့ဖြစ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၈ ခုနှစ်ကစပြီး မြန်မာအမျိုးသမီးများ၏ ထူးချွန်ထက်မြက်သည့် စွမ်းဆောင်ရည်များနှင့် လေးစားဂုဏ်ယူဖွယ်ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိကြသူများဖြစ်သည်။ သူတစ်ပါးကို ရိုင်းပင်းကူညီတတ်သော၊ သူတစ်ပါးအပေါ် သနားကြင်နာတတ်သော စိတ်နှလုံးသားဖြူစင်သည့် လူမျိုးဖြစ်ကြသည်။ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ကျင့်ကြံနေထိုင်တတ်ကြသူများလည်းဖြစ်သည်။ ထိုကဲ့သို့ ယဉ်ကျေးသိမ်မွေ့သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ခေတ်အဆက်ဆက်၌ မြန်မာအမျိုးသမီးတို့သည် စွမ်းဆောင်ရည် အသီးသီး ပြသနိုင်ခဲ့သည်။ အေးဆေးတည်ငြိမ်မှုရှိခြင်း၊ ဣန္ဒြေသိက္ခာရှိခြင်းသည် မြန်မာအမျိုးသမီးတို့၏ ကိုယ်ပိုင်ဟန်ပင်ဖြစ်သည်။ သို့သော် နိုင်ငံနှင့် လူမျိုးအတွက် အရေးကြုံလာပါက အမျိုးသားများနှင့်တန်းတူ ခေတ်အဆက်ဆက် တိုက်ပွဲဝင်စွန့်စားခဲ့ကြသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ ပုဂံခေတ် မိဖုရားဖွားစော၊ သံဗျင်မင်းသမီးမှအစပြုကာ ကုန်းဘောင်ခေတ် နန်းမတော်မယ်နု စသည်အထိ မြန်မာ့ဂုဏ်ဆောင် အမျိုးသမီးများအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ တစ်ဖန် ပုဂံခေတ်တွင် နရသီဟပတေ့မင်း၏ မိဖုရား သိယ်သူ့သမီးနှင့် နရသိင်္ခဥစ္စနာမင်း၏ မိဖုရားဖွားစောတို့သည် မူးကြီးမတ်ရာ၊ သူဌေးသူကြွယ်အမျိုးသားတို့နှင့်တန်းတူ ဘုရားတည်၊ ကျောင်းဆောက်ကာ အလှူကြီးများပြုလုပ်လျက် နိုင်ငံ့ဂုဏ်ကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးခဲ့ကြသည်။ ထို့ပြင် မိဖုရားမဟုတ်သော အရပ်သူမင်းမှုထမ်းများဖြစ်သည့် နန်းတွင်းမိဖြူ၊ နန်းတွင်းမိညို၊ တောင်တွင်းရှင်ငြိမ်းမယ်၊ မယ်ခွေ၊ မင်းကြီးကတော် ခင်ဆုံ စသည်တို့မှာလည်း မြန်မာစာပေယဉ်ကျေးမှုကို ပိုမိုတောက်ပလာစေရန် ဖန်တီးကြံဆောင်ခဲ့ကြသူများဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးမှသည် ခရိုင်၊ မြို့နယ်အဆင့်အထိ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်မားရေး၊ အမျိုးသမီးတို့၏ ဘဝသာယာဝပြောရေး၊ ကဏ္ဍအသီးသီး၌ အမျိုးသားများနှင့် တန်းတူ ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် အမျိုးသမီးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မြန်မာအမျိုးသမီးများအနေဖြင့် အနာဂတ်မြန်မာနိုင်ငံတော်၏ အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ကြမည်ကို ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။



## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပပြုလုပ်

**မန္တလေး ဇူလိုင် ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ် လူငယ်သင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင်၊ မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်ဇင်ထွန်းနှင့် ကျောင်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းပေးအပ်ကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် လူငယ်သင်တန်းကျောင်းမှ ကျောင်းသားများနှင့် လူငယ်သင်တန်းကျောင်းမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား ဇီဝအချက်အလက်စာရင်း (UID) ကောက်ယူနေမှုများကို ကြည့်ရှုအားပေးကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အောင်မြေသာစံမြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် လူငယ်သင်တန်းကျောင်းမှ ကျောင်းသား (၁၇၂)ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ပြီး ကျောင်းသားများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်း (၂၅၀)ဦးတို့အား ဇီဝအချက်အလက်စာရင်း (UID) ကောက်ယူပေးခဲ့ကြောင်း သိရသည်။

(ဝ၉၃)

ဝ-ဝ-ဝ-ဝ-ဝ

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းသီဆိုကာ အခမ်းအနားဖွင့်လှစ်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု(၁)၊ (၂) စသည့် ထူးချွန်ဆုရရှိသူများအား ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များကလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူများအား ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက ယဉ်တစ်ကိုယ်မယ်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦး နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။



ဆက်လက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက ယဉ်တစ်ကိုယ်မယ်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦး နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင် နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့် နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာထွန်း နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါက်တာရွှေစင်အိ၊ ခရိုင်အဆင့်ဌာနဆိုင်ရာအသီးသီးမှ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖြူလူသစ်

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား လက်မှတ်ရေးထိုးထားသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့သို့ သွားရောက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. IGOR KRASNOV နှင့် တွေ့ဆုံဆွေးနွေးသည်။



**အမြင်ချင်းဖလှယ်ဆွေးနွေး**

အဆိုပါ တွေ့ဆုံပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဥပဒေစနစ်၊ ဥပဒေဆိုင်ရာ သတင်းအချက်အလက်နှင့် အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ခြင်း၊ ပူးတွဲဆွေးနွေးညှိနှိုင်းခြင်း၊ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဥပဒေပညာရပ် အတွေ့အကြုံများ မျှဝေခြင်းနှင့် လေ့လာသင်ယူခြင်းတို့အတွက် နှစ်နိုင်ငံ ဥပဒေဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်စေလွှတ်ခြင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ မျိုးဆက်သစ် ဥပဒေအရာရှိများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးအောက်ရှိ တက္ကသိုလ်များသို့ ဥပဒေပညာရပ်များ ဆည်းပူးလေ့လာနိုင်ရန် ပညာတော်သင် စေလွှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များ စသည့်ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာအရ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ် (၂၀၂၄-၂၀၂၅) စတင်အကောင်အထည်ဖော် ဆောင်ရွက်သည့် အနေဖြင့် နှစ်နိုင်ငံဥပဒေရေးရာ စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်ကို ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့၏ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ (Structure, Objectives and Organization Activities of the Ministry of Legal Affairs of the Republic of the Union of Myanmar and the Prosecutor General's Office of the Russian Federation) ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။

**ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်**

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနသည် မဟာဗျူဟာစီမံချက်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တရားဥပဒေစိုးမိုးရေးဆီသို့ ခေါင်းစဉ်ဖြင့် ရည်မှန်းချက် ၄ ရပ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အထိ တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှုများပေးခြင်း ခေါင်းစဉ်ဖြင့် ရည်မှန်းချက် ၅ ရပ်ကို ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မဟာမိတ်နိုင်ငံများနှင့် ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ရေးသည် ဥပဒေရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်များအနက်မှ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာအရ ဥပဒေရေးရာစနစ်များ၊ ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းတို့တွင် အမြင်ချင်းဖလှယ် ဆောင်ရွက်နိုင်ရန် ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် မျက်နှာစုံညီဆွေးနွေးပွဲများ၊ ကျွမ်းကျင်သူများ အပြန်အလှန်ဖလှယ်မှုများဖြင့် နှစ်နိုင်ငံ အဖွဲ့အစည်းနှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်များက ရုရှားဖက်ဒရေးနိုင်ငံ ရှေ့နေချုပ်ရုံး၏ အမှုလိုက်ပါဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ အမှုအား ကနဦး စုံစမ်းစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် အမှုတည်ဆောက်ခြင်း လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ၊ တရားရုံးတွင် အမှုလိုက်ပါ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ ဖက်ဒရယ်ဥပဒေများကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ ကြီးကြပ်ရေးဆိုင်ရာဌာန၏ လုပ်ငန်းစဉ်များ စသည့်ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးပြီး နှစ်နိုင်ငံ ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ (Memorandum of Cooperation) နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ (Memorandum of Cooperation) ကို ၂၀၂၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဥပဒေရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)တို့ ပူးပေါင်း၍ "လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု" လူငယ်စကားဝိုင်း ကျင်းပ

နေပြည်တော် ဇူလိုင် ၂

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း (မိတ္ထီလာ) တို့ ပူးပေါင်း၍ ကျင်းပသည့် "လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု" လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ) အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်လှိုင်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။



**လူငယ်များပါဝင်ရန် လိုအပ်**

ဦးစွာ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက အဂတိလိုက်စားမှုသည် လူငယ်များ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် တက်ကြွမှုများကိုပါ နှောင့်နှေးသွားစေနိုင်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် လူငယ်များပါဝင်ရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရန် ပထမဦးစွာ ဖြောင့်မတ်တည်ကြည်မှုကို ဦးစွာ တည်ဆောက်ရန် လိုကြောင်း၊ ဖြောင့်မတ်တည်ကြည်မှု မြင့်မားလာပါက အဂတိလိုက်စားမှုလည်း လျော့နည်း ကျဆင်းသွားနိုင်ကြောင်း၊ လူငယ်များအနေဖြင့် လူ့အဖွဲ့အစည်းအပေါ် မှန်ကန်ကောင်းမွန်သည့် အတွေးအမြင်များ ရရှိလိုက်နာကျင့်သုံးကြရန် လိုအပ်ကြောင်း၊ ယခု အခမ်းအနားမှ ရရှိသည့်အတွေးအခေါ် အယူအဆများကို မိမိတို့ကောလိပ်၊ မိမိတို့ ပတ်ဝန်းကျင်များတွင် ထပ်ဆင့်မျှဝေ ပေးကြရန်လိုကြောင်း ပြောကြားသည်။

**စကားဝိုင်းဆွေးနွေး**

ဆက်လက်၍ "လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပပြီး အစိုးရနည်းပညာ အထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများက ၎င်းတို့သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများက ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားပြီး အစိုးရနည်းပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်လှိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၂

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# မြစ်ကြီးနားခြိုင်၌ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိ




မြစ်ကြီးနား ဇူလိုင် ၂

ကချင်ပြည်နယ်အတွင်း မေခနှင့် မလိခမြစ်အထက်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေသည် ဇွန် ၃၀ ရက် နံနက်ပိုင်းမှ စတင်ပြီး မြင့်တက်လာခဲ့ရာ ဇူလိုင် ၁ ရက်တွင် မြစ်ကြီးနားမြို့၏ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိကာ မြို့ပေါ် (၂၈)ရပ်ကွက်၊ (၁၇) ရပ်ကွက်နှင့် အာလမ်ကျေးရွာတို့တွင် ရေဝင်ရောက်ခဲ့သဖြင့် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ အမြန်ဆုံးကယ်ဆယ်နေရာချထားပေးနိုင်ရေး ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထန်နန် ဦးဆောင်၍ ရေဝင်ရပ်ကွက်များအား အပိုင်းလိုက်တာဝန်ခွဲဝေချထားပြီး ရေယာဉ်၊ ကားများ စနစ်တကျစုဖွဲ့၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် / ကျေးရွာများရှိ လူမှုကူညီရေးအသင်းများက ညအချိန်အထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးကြသည်။

အဆိုပါမြစ်ရေမြင့်တက်မှု ဖြစ်စဉ်ကြောင့် ရေဘေးလွတ်ရာ ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာကျောင်းများတွင် ရေဘေးရှောင်စခန်း ၃၇ ခုအထိ ဖွင့်လှစ်ခဲ့ရပြီး အိမ်ထောင်စု စုစုပေါင်း ၂၀၆၄ စုတို့အား ကူညီကယ်ဆယ်ပေးခဲ့ကြကာ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စနစ်တကျစုဖွဲ့၍ ဆောင်ရွက်ပေးကြသည်။

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက်အစောပိုင်းမှ စတင်၍ ပြန်လည်ကျဆင်းလာခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ယနေ့ နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များနှင့် မြစ်ရေမြင့်တက်လာမှုကြောင့် ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြည်သူများထိခိုက်မှုအနည်းဆုံးဖြင့် အချိန်နှင့်တစ်ပြေးညီ စနစ်တကျစုဖွဲ့၍ ရှာဖွေကယ်ဆယ်နိုင်ခဲ့မှုအခြေအနေများ၊ မြစ်ကြီးနားမြို့တွင် မြစ်ရေကျဆင်းပြီး ဗန်းမော်မြို့၊ ရွှေကူမြို့တို့တွင် မြစ်ရေမြင့်တက်လာနိုင်မှုအပေါ် ကြိုတင်စီမံဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ တနိုင်းနှင့် ဖားကန့်တို့တွင် သဘာဝဘေးဖြစ်စဉ် ဖြစ်ပွားမှု/ဖြစ်ပေါ်နိုင်သည့်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့်ကနဦးလိုအပ်ချက်များ စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေး၊ လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ စီတာပူတံတားအနီး ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဆောင်၍ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စုဖွဲ့၍ ရပ်ကွက်ရေဝင်ရောက်မှုအပေါ် ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ လယ်ကုန်းရပ်ကွက်အတွင်း သယံဇာတရေးရာဝန်ကြီး ဦးဆောင်၍ အစုအဖွဲ့ဖြင့် ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ကျွေးမွေးရေးဆိုင်ရာများကို လည်းကောင်း၊ မြို့သစ်ရပ်ကွက်အတွင်း ပြည်ထောင်စုလမ်းနှင့်မဟာဗန္ဓုလလမ်းဆုံနေရာမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုဖွဲ့၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်မည့်အိမ်ထောင်စုများအား ကူညီဆောင်ရွက်ပေးနေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ရေဘေးရှောင်မိသားစုများအတွက် နေ့လယ်စာထမင်းဘူးများကို စက်လှေများဖြင့် လိုက်လံထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များတွင် ရေဝင်ရောက်ခဲ့ပြီး ဝိုင်းမော်မြို့နယ်အတွင်း ဝိုင်းမော်မြို့ပေါ်ရပ်ကွက်များအပါအဝင် စန်းကား၊ နောင်တာလော၊ မုတ်လွဲ၊ မိုင်းနား၊ မခန္တီး၊ နောင်ချိန်း ကျေးရွာများတွင်လည်း ရေဝင်ရောက်ခဲ့မှုကြောင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်၍ နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် အခြေခံပညာကျောင်းများတွင် ရေဘေးရှောင်စခန်းပေါင်း ၁၂ ခု ဖွင့်လှစ်၍ ကူညီကယ်ဆယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)



## မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် မြစ်ကြီးနားမြို့နှင့် ခန္တီးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၂

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်လျက်ရှိပြီး မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများအတွင်း၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအား ယနေ့တွင်လည်း နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့တွင် ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လာသဖြင့် စိုးရိမ်ရေအမှတ်ထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ပေါမိုင်းရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်၊ အောင်သာယာကျေးရွာနှင့်ဆင်သေကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှု ဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၁၈၈ စု၊ လူဦးရေ ၆၅၈ ဦးတို့ကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဖားကန့်မြို့နယ်၌ မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ဥရုချောင်းရေမြင့်တက်လာပြီး အနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာများတွင် ရေဝင်ရောက်

ဖားကန့် ဇူလိုင် ၂

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်တွင် အထက်ဘက်မှ မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ဥရုချောင်းရေမြင့်တက်လာပြီး အနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာများတွင် ဇူလိုင် ၁ ရက် ညနေပိုင်းမှစတင်၍ ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဖားကန့်မြို့နယ်၌ မိုးရွာသွန်းမှုကြောင့် ဥရုချောင်းရေအခြေအနေမှာ မရှိကထောင်ကြိုးတံတားနှင့် ထိစပ်လျက်ရှိပြီး မိုးရွာသွန်းမှုကြောင့် မြို့မရပ်ကွက်အနိမ့်ပိုင်းတွင် လေးပေခန့်၊ ငှက်ပျောတောရပ်ကွက်အနိမ့်ပိုင်းတွင် လေးပေခန့် ရေဝင်ရောက်လျက်ရှိပြီး လုံးခင်းကျေးရွာအုပ်စု ကံဆီးကျေးရွာရှိ ဥရုချောင်းစိုးရိမ်ရေအမှတ်သည် ကိုးပေဖြစ်ပြီး လက်ရှိတွင် စိုးရိမ်ရေအမှတ်ထက် သုံးပေခန့် ကျော်လွန်ရောက်ရှိလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဝင်ရောက်လာမှုကြောင့် အထက (လုံးခင်း)၊ အထက ခွဲ (ကံဆီး)၊ အထကခွဲ (နမ့်မဖြစ်)၊ မူလွန်(ဆိုင်းရာရွာသစ်)၊ အမက (နန့်စန်း-၂)၊ အမက (နန့်စန်း-၃)၊ အမက (မှော်ရှန်ရွာသစ်)နှင့် အမက (ကံဆီးဟော)စသည့် စာသင်ကျောင်းများ ယာယီပိတ်ထားပြီး ဝါရာဇွပ်ကျေးရွာအုပ်စု ရှဒူဇွပ်ကျေးရွာရှိ အထက(ရှဒူဇွပ်) ကျောင်းဝင်းအတွင်းသို့လည်း လေးပေခန့် ဝင်ရောက်လာသဖြင့် ယာယီပိတ်ထားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

မြို့မရပ်ကွက်အနိမ့်ပိုင်းနေရာများရှိ အိမ်ခြေ ၇၀ ခန့်နှင့် အေးမြသာယာရပ်ကွက် အနိမ့်ပိုင်းနေရာများရှိ အိမ်ခြေ ၄၁ အိမ်ခန့်တွင် ဥရုချောင်းရေဝင်ရောက်လျက်ရှိပြီး ရပ်ကွက်(၄)ရပ်ကွက်ရှိ အိမ်ခြေစုစုပေါင်း ၃၈၆ အိမ်တို့တွင် ဥရုချောင်းရေဝင်ရောက်လျက်ရှိရာ လူဦးရေစုစုပေါင်း ၂၂၅၈ ဦး ရေဘေးသင့်လျက်ရှိသဖြင့် အဆိုပါ ရေဘေးသင့်ပြည်သူများအား ဖားကန့်မြို့ မြို့မရပ်ကွက်ရှိ မဏိဓေယျ ပရိယတ္တိစာသင်တိုက်တွင် ခေတ္တရွှေ့ပြောင်းထားရှိကြောင်း သိရသည်။

ထို့အတူ ဥရုချောင်းရေ မြင့်တက်မှုကြောင့် လုံးခင်းကျေးရွာအုပ်စု လုံးခင်းရပ်ကွက်များနှင့် နန့်စန်း (၂) ကျေးရွာများသို့ ချောင်းရေဝင်ရောက်သဖြင့် မြေနိမ့်ပိုင်းနေ ပြည်သူများအား လုံးခင်းရပ်ကွက်အတွင်းရှိ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက ၎င်းတို့နှင့် နီးစပ်ရာမိဘ/ဆွေမျိုးများ၏ နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ရွှေ့ပြောင်းထားကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)




ယူရို ၂၀၂၄ ဥရောပဘောလုံး ဖလား ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်

ဩစတြီးယား ၁ - ၂ တူရကီယဲ (တူရကီယဲ ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်)

တူရကီယဲအသင်းသည် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၂**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၂၅)နှစ်အောက်(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်၊ အောင်မြေမန္တလာ အားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီမှဥက္ကဋ္ဌ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင် ဘောလုံးအားကစားသမားများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်၌ ရမည်းသင်းခရိုင်နှင့် ကျောက်ဆည်ခရိုင် အမျိုးသမီးဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြကာ ရမည်းသင်းခရိုင်အသင်းက ကျောက်ဆည်ခရိုင်အသင်းကို ၂ဂိုး အပြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၄ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက်(၂၅)နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းအားတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ပထမဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းမှ အားကစားသမားတစ်ဦးချင်းစီအား ဆုတံဆိပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌတို့က ဒုတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်အသင်းနှင့် တတိယဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းတို့အား ငွေသားဆုများနှင့် အားကစားသမားတစ်ဦးချင်းစီအား ဆုတံဆိပ်များ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆု၊ ရှေ့တန်း၊ အလယ်တန်းနှင့် နောက်တန်း အကောင်းဆုံးဆုနှင့် ဂိုးသမား အကောင်းဆုံးဆု ရရှိကြသူတို့အား ဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)













## ➤ မန္တလေးဆိပ်ကမ်းမှ

အရ ၁၉၇၀ ခုနှစ်၊ ဩဂုတ်လ ၁ ရက်က ၁၃၁၆ စင်တီမီတာ၊ ၁၉၇၁ ခုနှစ်၊ ဩဂုတ် ၃၀ ရက်က ၁၃၀၉ စင်တီမီတာ၊ ၁၉၇၃ ခုနှစ်၊ ဩဂုတ် ၈ ရက်က ၁၃၁၅ စင်တီမီတာ၊ ၁၉၇၄ ခုနှစ်၊ ဩဂုတ် ၁၂ ရက်က ၁၃၄၃ စင်တီမီတာ၊ ၁၉၇၆ ခုနှစ်၊ ဇူလိုင် ၁၅ ရက်က ၁၃၁၇ စင်တီမီတာ၊ ၁၉၇၉ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်က ၁၃၂၃ စင်တီမီတာ၊ ၁၉၈၇ ခုနှစ်၊ အောက်တိုဘာ ၇ ရက်က ၁၂၆၈ စင်တီမီတာ၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၃ ရက်က ၁၃၁၄ စင်တီမီတာ၊ ၁၉၉၇ ခုနှစ်၊ ဇူလိုင် ၂၀ ရက်က ၁၂၉၂ စင်တီမီတာနှင့် အောက်တိုဘာ ၃ ရက်တွင် ၁၃၀၅ စင်တီမီတာ၊ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်က ၁၂၇၄ စင်တီမီတာ၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၂၇ ရက်က ၁၃၈၂ စင်တီမီတာ၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၅ ရက်က ၁၃၁၆ စင်တီမီတာ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၁ ရက်က ၁၃၂၅ စင်တီမီတာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

✸ စာမျက်နှာ ၂၄ မှ

အထပ်ထပ်ပိတ်ဆို့ကာကွယ်နိုင်မှုကြောင့် နယ်သာလန်တို့ ဂိုးရရှိမည့်အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။ ပွဲချိန် ၅၇မိနစ်တွင် နယ်သာလန်တို့ ထောင့်ကန်ဘောရရှိခဲ့ပြီး အဆိုပါ ထောင့်ကန်ဘောတင်ပို့ပေးမှုကို ဗန်ဒိုက်ချ်က ခေါင်းတိုက်သွင်းယူခဲ့သော်လည်း ဂိုးနှင့်အနည်းငယ်လွဲချော်မှုကြောင့် နစ်နာခဲ့ရပြန်သည်။ ပွဲချိန် ၆၂မိနစ်တွင် ဂတ်ပို နယ်သာလန်အတွက် ဒုတိယမြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ကွင်းလယ်ဒိုင်က VAR အား ပြန်ကြည့်၍ လူကျွံဘောအဖြစ်သတ်မှတ်ကာ ဂိုးအား ပယ်ဖျက်ခံခဲ့ရသည်။ နောက်ပိုင်းတွင်လည်း နယ်သာလန်ကသာ ဆက်တိုက်ထိုးဖောက်ခဲ့ပြီး ပွဲချိန် ၈၃မိနစ်တွင် ပင်နယ်တီဧရိယာအတွင်းမှ ဂတ်ပို၏ ချပေးမှုကို လူစားဝင်ကစားသမား မယ်လန်က အသာအယာပိတ်သွင်းယူကာ နယ်သာလန်အတွက် ဒုတိယမြောက်ဂိုးရယူပေးသွားသည်။ နာကျင်အချိန်ပို (၉၀+၃) မိနစ်တွင် မယ်လန်ကပဲ နယ်သာလန်အတွက် တတိယမြောက်ဂိုးထပ်မံရယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်း ပွဲစဉ်ပြီးဆုံးချိန်တွင် နယ်သာလန်အသင်းက ရိုမေးနီးယားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နိုင်ကမ္ဘာ

# ဒုတိယဝန်ကြီး ဦးလွင်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စတာ ချန်းချန်း အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



**ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမို တိုးတက်ခိုင်မာစေရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသ တစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်နိုင်ရန် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်။

(၂၆-၆-၂၀၂၄) ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါဘာဏ်များနှင့် ပတ်သက်သည့် ဖော်ပြချက်များတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘာဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘာဏ်နှင့် ပုဂ္ဂလိကဘာဏ်အချို့မှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုမှုများ စသည့်ရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် အဆိုပါ ရေးသားချက်အပေါ် ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘာဏ်မှ ထုတ်ပြန်ခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ဖော်ပြချက်သည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီမှုမရှိဘဲ အများပြည်သူ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် အချက်များပါဝင်နေသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘာဏ်၏ ပြင်းထန်စွာ ကန့်ကွက်ကြောင်း ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) အနေဖြင့် အပြည့်အဝ ထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

---

# နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ဖော်ဆောင်

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၇/ ၂၀၂၄)

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ လူဦးရေ၏ ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်ပြီး နိုင်ငံအတွက် အဖိုးတန်သော လူသားအရင်းအမြစ်များဖြစ်ပါသည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှ အခွင့်အရေးရှိပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ခွဲခြားဆက်ဆံမှုကင်းစွာ ပါဝင်ဆောင်ရွက်ခွင့်ရှိသူများ ဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူအခွင့်အရေးရှိကြောင်း ဖော်ပြထားရှိသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်လည်း အမျိုးသမီးအခွင့်အရေးများ ခံစားခွင့်ရှိစေရေးနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများကို လေးစားပြီး အသိအမှတ်ပြုသည့်အားလျော်စွာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်ကြီးတစ်ခုဖြစ်သော အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်(Convention on the Elimination of All forms of Discrimination Against Women-CEDAW)၏ အဖွဲ့ဝင် နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်က ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အမျိုးသမီးများ၏ အခွင့်အရေးများကို ဖြည့်ဆည်းကာကွယ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေးလျက်ရှိရာတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် အမျိုးသမီးများ၏ အခွင့်အရေးများကို ထည့်သွင်းပို့ချလျက်ရှိပါသည်။ ထို့ပြင် ကော်မရှင်ဥပဒေနှင့်အညီ အမျိုးသမီးများ၏ အခွင့်အရေးနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့ သွားရောက်စစ်ဆေးလျက်ရှိပြီး သက်ဆိုင်ရာဌာနများသို့ အကြံပြုချက်များပေးပို့ကာ အမျိုးသမီးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

၄။ ၂၀၂၄ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်မှာ " Invest in Women; Accelerate Progress" "အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး" ဖြစ်ရာ နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ၊ နယ်ပယ်စုံတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ဖော်ဆောင်ကြပါရန် တိုက်တွန်းလျက် ဇူလိုင်လ(၃)ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ။ ။၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်**

---

# မန္တလေးဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား ထက်ရန်နိုင်ကို ထောင်အာဏာပိုင်များက ရိုက်သတ်ဟု အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၂

"မန္တလေးဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား ထက်ရန်နိုင်ကို ထောင်အာဏာပိုင်များက ရိုက်သတ်" ဟူသော ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page က ဇွန် ၂၆ ရက်တွင် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

Khit Thit Media ၏ ဖော်ပြမှုသည် လွဲမှားနေပြီး အကျဉ်းထောင်အတွင်း မူးယစ်ဆေးဝါးရောင်းချ/သုံးစွဲခြင်းများ စစ်ဆေးတွေ့ရှိပါက ဥပဒေအတိုင်း တိကျစွာအရေးယူလျက်ရှိကြောင်း၊ အကျဉ်းထောင်အနေဖြင့် ရှောင်တခင်ရှာဖွေခြင်း၊ အထူးရှာဖွေခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

ဖြစ်စဉ်အမှန်အား စိစစ်ရာတွင် အကျဉ်းသား ထက်ရန်နိုင်သည် အစ်ကိုဖြစ်သူ နှလုံးရောဂါဖြင့် သေဆုံးခဲ့သည့်အတွက် ပူဆွေးသောကစိတ်များဖြစ်လာပြီး ကောင်းစွာအိပ်စက်မှုမရှိခြင်းကြောင့် စိတ်အခြေနေပုံမှန်မဟုတ်ဘဲ စိတ်ကစဉ့်ကလျားဖြစ်နေသူဖြစ်ကာ ၎င်းသည် ဇွန် ၂၀ ရက်တွင် အကျဉ်းသား အောင်သူရလွင်အား အကြောင်းမဲ့လက်သီးဖြင့် နှစ်ချက် ထိုးကြိတ်ခဲ့သည့်အတွက် တာဝန်ခံအရာရှိ၏ ညွှန်ကြားချက်ဖြင့် စည်းကမ်းထိန်းသိမ်းရေးရုံးတွင် ဒေါက်ခြေချင်းခတ်ရန် ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်နေစဉ် စည်းကမ်းထိန်းသိမ်းရေးရုံးသို့ အကျဉ်းသားများအား ဆေးခန်းပြသရန်အတွက် လာရောက်တင်ပြသည့် အကျဉ်းထောင်တပ်သား မြတ်မင်းသူအား စိတ်ဂနာမငြိမ်ဘဲ အော်ဟစ်ဆူပူဆဲဆိုခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ ရင်ဘတ်အား ကန်ခြင်းများကို အကျဉ်းသား ထက်ရန်နိုင်က ပြုလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများနှင့် အကူအကျဉ်းသားများက ဝိုင်းဝန်းဖမ်းဆီးချုပ်နှောင်နေစဉ် အကျဉ်းသား ထက်ရန်နိုင်သည် အမျိုးသား အိပ်ဆောင်(၅)ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းသည် စိတ်ကစဉ့်ကလျားဖြင့် ထွက်ပြေးစဉ် ဓာတ်မီးတိုင်အား ဝင်ရောက်တိုက်မိခဲ့ခြင်း၊ ကွန်ကရစ်ထိုင်ခုံနှင့် အမှိုက်ကန်ပေါင်ကို တိုက်မိခြင်းတို့ကြောင့် သတိလစ်သွားခဲ့ပြီး အကျဉ်းထောင်ဆေးရုံအုပ်က ဦးခေါင်း ဝဲဘက်ဂျိုစောင်းအား လေးချက်ချုပ်ပေးခဲ့၍ ဆေးကုသမှုဆောင်ရွက်ပေးခဲ့ပါကြောင်း။

အကျဉ်းထောင်ဆေးရုံအုပ်၏ တင်ပြချက်အရ အကျဉ်းသား ထက်ရန်နိုင်သည် ဦးခေါင်းထိခိုက်ဒဏ်ရာကြောင့် သတိကောင်းစွာမရသဖြင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆက်လက်တင်ပို့ကုသပေးခဲ့ကြောင်း၊ အကျဉ်းသား ထက်ရန်နိုင်သည် ဇွန် ၂၁ ရက်တွင် ဦးခေါင်းထိခိုက်ဒဏ်ရာကြောင့်မဟုတ်ဘဲ အဆုတ်နှင့်နှလုံးရပ်ခြင်းရောဂါဖြင့် သေဆုံးခဲ့ခြင်းသာဖြစ်ကြောင်း၊ သေဆုံးအကျဉ်းသား၏ မိသားစုထံ ဆက်သွယ်အကြောင်းကြားပြီး ဘာသာထုံးတမ်းအစဉ်အလာနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည့်အတွက် Khit Thit Media ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့်ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

ဝေဝေဖြိုး

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## BTS မှ Jin @ Kim Seok Jin က စစည်းခြင်းနှင့် လေထုကောင်းအောင် ကြိုးစား၍ ဆုများစွာ ရရှိထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်သည် သင်တန်းကာလတွင် စုစည်းခြင်းနှင့် လေထုကောင်းအောင် ကြိုးစားခဲ့သူဖြစ်ပြီး သင်တန်းတွင် ထူးချွန်ဆုများစွာနှင့် ပြန်လည်ရောက်ရှိလာခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သင်တန်းသားဘဝတွင် ဂျင်သည် တာဝန်ကျေပွန်၍ ထူးချွန်စွာဆောင်ရွက်နိုင်မှုကြောင့် ရာထူးတိုးကာ ထူးချွန်ဆု ရှစ်ဆုအထိ ရရှိခဲ့ပြီး တစ်နှစ်ခွဲအကြာ သင်တန်းသားများကို နှုတ်ဆက်ရင်း မျက်ရည်ကျခဲ့ရသည်ဟု ပြောကြားခဲ့သည်။

ဂျင်က ကြာမြင့်စွာ ခွဲခွာနေရသော ပရိသတ်ကို ပွေ့ဖက်နှုတ်ဆက်ချင်သည့်ဆန္ဒရှိ၍ သူ၏အေဂျင်စီက အခက်အခဲများကြားမှ ခွင့်ပြုချက်ပေးခဲ့၍ လူတစ်ထောင်အထိ သဘောတူမှုရရှိခဲ့ပြီး စုစည်းခြင်းနှင့် လေထုကောင်းအောင် ကြိုးစားခဲ့သူက သင်တန်းတွင်သာမက ပြင်ပထိပါ လက်တွေ့အသုံးချသွားခဲ့သည်။

သူ၏ပရိသတ်တွေ့ဆုံပွဲကို တစ်ကိုယ်တော်ဂီတနှင့် ဖျော်ဖြေ၍ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ခဲ့သည်ကို တွေ့ကြရသည်။ (SKY)

## Bella Ranee က Family of the Year Award ဆုရ

ထိုင်းအနုပညာရှင် ဘဲလာရာနီးသည် ၂၀၂၄ ခုနှစ်တွင် နိုင်းအင်တာတိန်းမင့်ဆုပေါ်ပွဲ၌ Family of the Year Award ဆုကို ခွန်မီပရန်နီနှင့်အတူ ဆွတ်ခူးရရှိခဲ့သည်ဟု နိုင်းနယူးဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ချောမောလှပ၍ အနုပညာ



စွမ်းရည်ပြည့်ဝသော ဘဲလာရာနီးက ယခုနှစ်အတွက် ထူးခြား၍ ဂုဏ်ယူစရာကောင်းသော အဆိုပါ ဆုကို ဘဲလာရာနီနှင့် ခွန်မီပရန်နီးတို့ အတူရရှိခဲ့ကြသည်။

ဆုပေးပွဲအခမ်းအနားတွင် ဘဲလာရာနီးက အဖြူ၊ အမည်းဝတ်စုံနှင့် တက်ရောက်လာခဲ့၍ ပရိသတ်ကြား နတ်သမီးလေးတစ်ပါးအဖြစ် တောက်ပစွာ မြင်ကြရသည်။

ဘဲလာရာနီးနှင့်အတူ ခွန်မီပရန်နီလည်း ဆုလက်ခံရယူ၍ ကျေးဇူးတင်စကား ပြောကြားသွားခဲ့သည့်အပြင် အနုပညာမောင်နှမများကလည်း ဂုဏ်ပြုပေးထားကြသည်။ (SKY)



## ငါးငယ်များကို စားသုံးလျှင် အသက်ရှည်နိုင်ဖွယ်ရှိ

ဂျပန်နိုင်ငံရှိ အသက်(၃၅)နှစ်နှင့် (၆၉)နှစ်အကြားရှိ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၈၀၈၀၂ ဦးတို့၏ ငါးစားသုံးမှုနှင့် ကျန်းမာရေးအခြေအနေအကြား ဆက်စပ်နေပုံအကြောင်းကို နာဂိုယာဆေးတက္ကသိုလ်မှ ဒေါက်တာချိနာ့ဆုကာဆာဟာရာ ဦးဆောင်သော သုတေသီများ မကြာသေးမီက ဆန်းစစ်လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ထွက်ပေါ်လာသောရလဒ်နှင့် လွန်ခဲ့သော (၉)နှစ်က သေဆုံးသောပမာဏတို့အကြား ဆက်လက်နှိုင်းယှဉ်ကြည့်ခဲ့ကြပြန်သည်။

ဤသို့ဖြင့် ငါးငယ်များကို စားသုံးလေ့ရှိသူများသည် ကင်ဆာရောဂါကင်းစင်ပြီး အသက်ရှည်ရှည်နေနိုင်ကြသည်ဟု ဖော်ထုတ်တွေ့ရှိခဲ့သည်။ ထိုငါးငယ်များကိုစားသုံးလျှင် ဦးခေါင်းမှ အမြီးအထိ အစိတ်အပိုင်းအစုံအလင်ပါဝင်သောကြောင့် အာဟာရသာလွန်ပြီး အသက်ရှည်စေနိုင်ခြင်းဖြစ်မည်ဟု ဒေါက်တာ ချိနာ့ဆုကာဆာဟာရာက ပြောကြားကြောင်း သိရသည်။ (SCI)

## Black Pink မှ Rose ကို အားကစားအမှတ်တံဆိပ် PUMA ၏ သံတမန် ခန့်အပ်



ဘလက်ပင့်ခ်အဖွဲ့ဝင် ရိုဇ်သည် ကမ္ဘာကျော် ဂျာမန်အခြေစိုက် အားကစားအမှတ်တံဆိပ် PUMA ၏ ကမ္ဘာလုံးဆိုင်ရာ သံတမန်ခန့်အပ်ခြင်းခံရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ PUMA ၏ ထုတ်ပြန်ချက်တွင် ရိုဇ်သည် ကေပေါ့ပ်၌ လွှမ်းမိုးမှုရှိပြီး နာမည်တစ်လုံးတည်ဆောက်ပြီးသား အနုပညာရှင်တစ်ဦးဖြစ်ကာ သူ့နည်းသူ့ဟန်နဲ့ စတိုင်လ်ကျနစွာ ကိုယ်ပိုင်ဟန်ရှိသူတစ်ဦးလည်း ဖြစ်သည်။

ရိုဇ်သည် PUMA ကုန်အမှတ်တံဆိပ်၏ ကမ္ဘာလုံးဆိုင်ရာပွဲတော်များတွင် ထူးခြားသောအသံ၊ ထူးခြားသောပုံစံနှင့် မြင်တွေ့ကြရမည်ဖြစ်သည်ဟု ကြေညာထားသည်။

ရိုဇ်သည် Saint Laurent, Tiffany & Co, Rimowa, Sulh wasoo, PUMA စသည့် ကမ္ဘာကျော်အမှတ်တံဆိပ်များနှင့် လက်တွဲလုပ်ကိုင်နေသည့် အနုပညာသံတမန်တစ်ဦး ဖြစ်သည်။ (SKY)

## Taylor Swift ကို Deadpool & Wolverine ရုပ်ရှင်တွင် ပါဝင်ခြင်းမရှိဟု ဆို

မာဘယ်စတူဒီယိုနှင့် တွမ်တီးစင်ကျူရီတို့ ပူးတွဲဖန်တီးရိုက်ကူးထားသည့် ရုပ်ရှင် Deadpool & Wolverine ကို ရုံတင်ပြသခဲ့ရာ တေလာဆွစ် ပါဝင်ထားခြင်းမရှိကြောင်း တွေ့ရသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို ဒါရိုက်တာရှန်လာဗီက ရိုက်ကူးထားပြီး မူရင်း Deadpool ဇာတ်လမ်းဆရာရာဟက်ရီဆီနှင့် ပေါလ်ဝါနစ်တို့က ဇာတ်ညွှန်းရေးသားထားကာ တရားဝင်ထုတ်ပြသည့် ဗီဒီယိုကလစ်တွင် မိန်းမ Deadpool ကို ပရိသတ်များက တေလာဆွစ်ဟု ကောက်ချက်ချထားကြသည်။

အနုပညာသတင်းတင်ဆက်ပေးနေသည့် Entertainment Weekly ၏ ဆောင်းပါးတစ်ပုဒ်တွင် တေလာဆွစ် ပါဝင်မည်မဟုတ်ကြောင်း အတည်ပြုပေးထားကာ တေလာဆွစ်၏ All Too Well Short Film ရိုက်ကူးရာ ဆက်တင်အိမ်ကို နောက်ခံထားခြင်းဖြစ်၍ ပရိသတ် အထင်မှားစရာဖြစ်ခဲ့ကြသည်ဟု ဖော်ပြထားသည်။ (SKY)

********

## Nadech Kugimiya က ဖခင်ချစ်သောသားဖြစ်



ထိုင်းအနုပညာရှင် နာဒစ်ချ်ကူကီမီယာသည် မိဘများ လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သူဖြစ်ပြီး ဖခင်အတွက် စိတ်မချနိုင်ဖြစ်နေသည့် ဖခင်ချစ်သောသားဖြစ်သည်ဟု ထိုင်းနယူးစ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နာဒစ်ချ်ကူကီမီယာက မိဘများအတွက် အိမ်ကြီးအိမ်ကောင်း ဝယ်ပေးထားကာ လေဖြန်းထားသည့် ဖခင်အတွက် အလုပ်နားသည်နှင့် အနား၌ ပြုစုစောင့်ရှောက်ပေးပြီး ဟင်းကောင်းများလည်း ချက်ကျွေးသူဖြစ်ကာ အလုပ်သွားတိုင်း ဖခင်ကို စိတ်မချဖြစ်နေသည်။

နာဒစ်ချ်ကူကီမီယာသည် အနုပညာစွမ်းရည် ပြည့်ဝသူဖြစ်သည်သာမက အခြားကိစ္စများတွင်လည်း ကျွမ်းကျင်သူဖြစ်ပြီး ဟင်းချက်ရာတွင်လည်း ကျွမ်းကျင်အဆင့်ရှိသူဖြစ်သည်။

ချစ်သူယာယာအူရစ်ဆာယာအတွက်လည်း ဟင်းကောင်းများစွာ ချက်ပြုတ်ပေးတတ်ကာ ချစ်သူကိုရော မိဘများကိုပါ လိုလေသေးမရှိ ဖြည့်ဆွမ်းပေးသူဖြစ်သည်။ (SKY)

## Kalki 2898 AD ရုပ်ရှင်သည် အနုပညာရှင်တစ်ဦး၏ ဖန်တီးမှုအနုပညာ ခိုးထားသည်ဟု စွပ်စွဲခံရ

အိန္ဒိယတောင်ပိုင်းရုပ်ရှင်ဇာတ်ကား Kalki 2898 AD သည် အနုပညာရှင်တစ်ဦး၏ ဖန်တီးမှုအနုပညာကို ခိုးချထားသည်ဟု စွပ်စွဲခံလိုက်ရကြောင်း ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို ဇွန် ၂၇ ရက်တွင် ပြသမည်ဖြစ်ပြီး နမူနာပြသခဲ့ရာမှ တောင်ကိုရီးယားအနုပညာရှင် ဆောင်ချွန်က ယင်းဇာတ်ကားတွင် ပါဝင်ခဲ့သည့် conceptart တစ်ခုမှာ သူဖန်တီးထားခြင်းဖြစ်ပြီး ခွင့်ပြုချက်မဲ့ အသုံးပြုထားသည်ဟု အင်တာနက် စာမျက်နှာတွင် သက်သေနှင့်တကွ ပြသခဲ့သည်။

ဆောင်ချွန်၏ မှတ်တမ်းသက်သေအရ ယင်းရုပ်ရှင်၏ နမူနာအဖွင့်တွင် အသုံးပြုထားသည့် conceptart မှာ လွန်ခဲ့သည့် ၁၀ နှစ်က ဆောင်ချွန်ဖန်တီးထားမှုနှင့် ဆင်တူနေသည်ကို တွေ့ရပြီး ထုတ်လုပ်ရေးကုမ္ပဏီ Vyjayanthi Movies က ဖြေရှင်းချက်ပေးခြင်း မရှိခဲ့သေးပေ။ ထိုရုပ်ရှင်မှာ ဘာသာရေးနှင့် ခေတ်လွန်သိပ္ပံပညာကို ရောစပ်ရိုက်ကူးထားပြီး ထိပ်တန်းအနုပညာရှင်များစွာ ပါဝင်ထားသလို အမေရိကန်ဒေါ်လာ ၇၅ သန်းကျော် အသုံးပြုထားသည်။ ဆောင်ချွန်မှာ မာဘယ်စတူဒီယို၊ ဝမ်နာဘရိုနှင့် နက်ဖလစ်မှ ပညာရှင်တစ်ဦး ဖြစ်သည်။




(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ဇန်နဝါရီ ၆ ရက် အမှု နောက်ဆုံးစစ်ဆေးကြားနာ သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့် အနိုင်ဒီကရီ ရရှိ



**ဝါရှင်တန် ဇူလိုင် ၂**

ဇန်နဝါရီ ၆ ရက် အမှုကို အမေရိကန်ပြည်ထောင်စုတရားရုံးချုပ်က ဇူလိုင် ၁ ရက်တွင် နောက်ဆုံးစစ်ဆေးကြားနာပြီး စီရင်ဆုံးဖြတ်ရာ တရားခံသမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်က အနိုင်ဒီကရီ ရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၀ ပြည့်နှစ် အမေရိကန် သမ္မတရွေးကောက်ပွဲ မဲရလဒ်ကို ကပြောင်းကပြန်ဖြစ်အောင် ကြံစည်အားထုတ်သော ရာဇဝတ်မကင်းသည့် ပြစ်မှုကျူးလွန်ခဲ့သည်ဟု အစိုးရရှေ့နေများက တည်ဆောက်ခဲ့သော အမှုဖြစ်သည်။

အမှုသွား၊ အမှုလာအရပ်ရပ်ကို ရှေးရိုးစွဲတရားသူကြီး ၆ ဦးတို့က နောက်ဆုံးစစ်ဆေးကြားနာပြီးနောက် ဒေါ်နယ်လ်ထရမ့်တွင် အပြစ်မရှိကြောင်း စီရင်ဆုံးဖြတ်ပေးခဲ့သည်။

ကျွန်ုပ်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီအောင်ပွဲကြီးဖြစ်သည်ဟု ထရမ့်က ၎င်း၏ကိုယ်ပိုင် ထရုသ်ဆိုရှယ်လူမှုကွန်ရက်တွင် လွှင့်တင်ဖော်ပြထားကြောင်း သိရသည်။

**Mon**

# မော်ရီတေးနီးယားသမ္မတ ဂါဇိုအော်နီ နောက်တစ်ကြိမ် ထပ်မံရွေးကောက်ခံရ



**နူအက်ချော့ ဇူလိုင် ၂**

အာဖရိကအနောက်မြောက်ပိုင်းရှိ မော်ရီတေးနီးယားနိုင်ငံတွင် ယခင်အပတ်က သမ္မတရွေးကောက်ပွဲအတွက် လူထုမဲဆန္ဒကောက်ခံခဲ့သည်။

ထိုရွေးကောက်ပွဲတွင် အာဏာရသမ္မတ ဂါဇိုအော်နီ နောက်တစ်ကြိမ် ထပ်မံရွေးကောက်ခံရကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

အသက် ၆၇ နှစ်အရွယ် သမ္မတ ဂါဇိုအော်နီသည် ရွေးကောက်ပွဲ ပထမအကျော့တွင်ပင် ထောက်ခံမဲ ၅၆ ဒသမ ၁၂ ရာခိုင်နှုန်းရရှိကာ အဓိကပြိုင်ဘက်သမ္မတလောင်း ဘီရမ်ဒါး အဘိတ်ကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဘီရမ်ဒါးအဘိတ်က အာဏာရအစိုးရ၏ မဲမသမာမှုကြောင့် မိမိရှုံးနိမ့်ခဲ့ခြင်းဖြစ်သဖြင့် ဂါဇိုအော်နီ အနိုင်ရခြင်းကို အသိအမှတ်မပြုနိုင်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ရွေးကောက်ပွဲတရားမျှတမှုရှိအောင် မိမိတို့ ကောင်းစွာစီစဉ်ခဲ့သည်ဟု အမျိုးသားရွေးကောက်ပွဲကော်မရှင်အကြီးအကဲက သတင်းထောက်များကို ဇူလိုင် ၁ ရက်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# အတင်းအကျပ်ချုပ်နှောင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့က အင်မ်ရန်ခန်းဘက်မှရပ်တည်သော ကြေညာချက်ထုတ်



**ဂျီနီဗာ ဇူလိုင် ၂**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာအခြေစိုက် ကုလသမဂ္ဂလက်အောက်ခံ အတင်းအကျပ်ချုပ်နှောင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့က ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အင်မ်ရန်ခန်းဘက်မှရပ်တည်သော သဘောထားကြေညာချက်ကို ဇူလိုင် ၁ ရက်က ထုတ်ပြန်လိုက်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

စင်စစ်တွင် အင်မ်ရန်ခန်း အတင်းအကျပ်ဖမ်းဆီးခံထားရခြင်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်မညီကြောင်း အဆိုပါသဘောထားထုတ်ပြန်ချက်တွင် ထောက်ပြထားသည်။

ထိုသို့ဖမ်းဆီးခံခဲ့ရသော အင်မ်ရန်ခန်းလွတ်မြောက်အောင် တစ်နည်းနည်းဖြင့် မဆိုင်းမတွဆောင်ရွက်သင့်ကြောင်း တိုက်တွန်းကာ အခွင့်အရေးချိုးဖောက်ခံရသဖြင့် ထိုက်သင့်သောနစ်နာကြေးလည်းရထိုက်သည်ဟု ထည့်သွင်းရေးသားထားသည်။

၎င်းဖမ်းဆီးခံရခြင်း၏ ဥပဒေနောက်ခံအကြောင်းအရင်း ပေါ်လွင်ထင်ရှားခြင်းမရှိဘဲ နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်း မပြုနိုင်ရန်အတွက်သာ ပါကစ္စတန်အစိုးရက ၎င်းဖမ်းဆီးခြင်းဖြစ်ဟန်တူသည်ဟုလည်း ယင်းကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

အဆိုပါအတင်းအကျပ်ချုပ်နှောင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ကို သီးခြားလွတ်လပ်သော ဥပဒေကျွမ်းကျင်သူ ငါးဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# တောင်ကိုရီးယားနိုင်ငံ၏ ငွေကြေးဖောင်းပွမှု ဗဟိုဘဏ်ထိန်းချုပ်မှုအောက် ပြန်လည်ရောက်ရှိ

**ဆိုးလ် ဇူလိုင် ၂**

တောင်ကိုရီးယားနိုင်ငံ၏ ငွေကြေးဖောင်းပွမှု ဗဟိုဘဏ်ထိန်းချုပ်မှုအောက် ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စားသုံးသူဈေးနှုန်းအညွှန်းကိန်းသည် ၂ ရာခိုင်နှုန်းအောက်သို့ လအနည်းငယ်ကြာကျဆင်းခဲ့ရာမှ ဇွန်လတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်ရောက်ရှိလာခဲ့သည်။

ဗဟိုဘဏ်က ငွေကြေးဖောင်းပွမှုနှင့် စားသုံးသူဈေးနှုန်းအညွှန်းကိန်းအကြား ညှိယူရန်ကြိုးပမ်းခဲ့ရာမှ ကုန်ဈေးနှုန်းနှင့် စားသုံးသူဝယ်လိုအား တည်ငြိမ်လာခဲ့သည်။

ငွေကြေးဆိုင်ရာမူဝါဒကို ထိန်းညှိကျင့်သုံးခြင်းဖြင့် တစ်နိုင်ငံလုံးရှိ ကုန်ဈေးနှုန်းအခြေအနေကို ကောင်းစွာထိန်းချုပ်လာနိုင်မည်ဖြစ်သည်ဟု တောင်ကိုရီးယား ဒုတိယဘဏ္ဍာရေးဝန်ကြီးက ရှင်းလင်းပြောကြားကြောင်း သိရသည်။

**Mon**




# အဲယူရိုပါလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် ပျံသန်းစဉ် လူးလွန့်မှုကြောင့် လူ ၃၀ ဦး ထိခိုက်ဒဏ်ရာရ




**ဘရာဇီးလီးယား ဇူလိုင် ၂**

စပိန်အခြေစိုက် အဲယူရိုပါလေကြောင်းလိုင်းမှ ဘိုးရင်း ၇၈၇-၉ ဒရင်းလိုင်နာ ခရီးသည်တင်လေယာဉ်တစ်စင်း ဇူလိုင် ၁ ရက်က ပျံသန်းစဉ် လူးလွန့်မှုဖြစ်ပွားကာ လူ ၃၀ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ခရီးသည် ၃၂၅ ဦး တင်ဆောင်ပျံသန်းလာသော ထိုလေယာဉ်ပျံကြီး မက်ဒရစ်မှ မွန်တီဗွီဒီယိုသို့ ဦးတည်ပျံသန်းစဉ် လူးလွန့်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရသူ ၃၀ ဦးအနက် ၁၀ ဦးကို ဆေးရုံသို့ပို့ပြီး ဆေးကုသပေးခဲ့ရသည်ဟု ယင်းလေကြောင်းလိုင်းက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ဆိုးလ်မြို့၌ ဘတ်စ်ကားစောင့်နေသူများကို အိမ်စီးကားတစ်စင်းက ဝင်တိုက်၊ ၉ ဦး သေဆုံး



**ဆိုးလ် ဇူလိုင် ၂**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တစ်နေရာတွင် ဇူလိုင် ၁ ရက် ညပိုင်းက ဘတ်စ်ကားစောင့်နေသူများကို အိမ်စီးကားတစ်စင်း ဝင်တိုက်မှုဖြစ်ပွားရာ ၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုအိမ်စီးကားသည် လမ်းကြောပြောင်းပြန်မောင်းနှင်၍လာခဲ့ရာမှ ကားနှစ်စင်းနှင့်တိုက်ပြီး ဘတ်စ်ကားစောင့်နေသူများကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

ကားမဆင်မခြင်မောင်းနှင်ခဲ့သည့် အသက် ၆၈ နှစ်အရွယ် အမျိုးသားကို ဆိုလ်းရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**Mon**



အမေရိကန်ဈေးကွက်၌ ဈေးအသက်သာဆုံးနှုန်းထားသတ်မှတ်ကာ တစ်စင်းလျှင် ဒေါ်လာ ၁၇၈၂၀ ဖြင့် ဈေးဖွင့်ရောင်းချနေသော တောင်ကိုရီးယားအခြေစိုက် ဟွန်ဒိုင်းကုမ္ပဏီထုတ် အိုင်အိုနစ် ၅ လျှပ်စစ်ကားကို တွေ့ရစဉ်။

**Mon**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန် မီးဘေးသတိမူရေး နှိုးဆော်ခြင်းများ ဆောင်ရွက်

**မန္တလေး ဇူလိုင် ၂**

မဟာအောင်မြေမြို့နယ်အတွင်း ရပ်ကွက်နေပြည်သူများ မီးဘေးအန္တရာယ်မဖြစ်ပွားစေရန် ရည်ရွယ်၍ မီးသတ်ဦးစီးဌာန ဝန်ထမ်းများမှ လိုက်လံနှိုးဆော်ပေး



လျက်ရှိသည်။

မန္တလေးခရိုင်၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများအနေဖြင့် အပူဒဏ်ကြောင့် ပူပြင်းခြောက်သွေ့၍ မကြာခဏ မီးလောင်မှုဖြစ်ပွားနေမှုကြောင့် မဟာအောင်မြေမြို့နယ်အတွင်း မီးလောင်မှုနှင့် မီးလန့်မှု မဖြစ်ပွားစေရန်နှင့်မီးလောင်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီး အရာရှိ ဦးညွန့်ဝင်းအောင်၏ လမ်းညွှန်မှုဖြင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်များ အလိုက် အပတ်စဉ် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးဘေးသတိမူရေး နှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၀၅၆)

၀-၀-၀-၀-၀



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇူလိုင် ၂**

မြန်မာနိုင်ငံတွင် ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု လျော့နည်းပပျောက်စေရန်နှင့် တားဆီးကာကွယ်ရန်၊ ဥပဒေအရထိရောက်စွာ ကာကွယ်ပေးနိုင်ရန်၊ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိဖန်တီးပေးနိုင်စေရန် ရည်ရွယ်၍ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် အမှတ်(၂၃)မူလတန်းလွန်ကျောင်းနှင့် ပူးပေါင်းပြီး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့်ပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်တာဝန်(၃)ရပ်၊ ကလေးအလုပ်သမားခိုင်းစေမှု၏ နောက်ဆက်တွဲအကျိုးဆက်များ စသည်တို့ကို အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများကို စာကြည့်တိုက်ခန်းမ၌ အခြေခံပန်းချီရေးဆွဲခြင်းပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကို ကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၃၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဦးစီးမှူးနှင့် ကြီးကြပ်ဆရာမများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အမှတ်(၂၃) မူလွန်ကျောင်းမှ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ချမ်းမြေ့

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ







## တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Saga Refrigerator-Freezer ၁၃၈ လုံး၊ တရုတ်နိုင်ငံထုတ် 4"Wall Mounted Speaker ၁၀လုံးကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် Motorcycle Battery နှင့် Electric Vehicle Batteryလုံး ၆၉၅၀ ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၈ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၌ လိုင်စင်မဲ့ Kanadi Click မော်တော်ဆိုင်ကယ်တစ်စီးအပါအဝင် စုစုပေါင်း မော်တော်ဆိုင်ကယ် ၆စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၈ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့နယ်၊ ကျိုက်မရောလမ်းဆုံ၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Yam Yam ခေါက်ဆွဲခြောက်ဖာ ၈၀၀ အပါအဝင် ကုန်ပစ္စည်း(၃)မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မိုးရွာသွန်းပြီး မြစ်ရေတက်မှုကြောင့် ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးမှုများ ဖြစ်ပွား

**မြစ်ကြီးနား ဇူလိုင် ၂**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ရေတက်လာပြီးမြစ်ကြီးနားမြို့၊ ကြက်ပေါင်ခြံရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ လယ်ကုန်းရပ်ကွက်၊ ပမ္မတီးရပ်ကွက်နှင့် ရေကြည်ကျေးရွာတို့တွင် ရေကြီးမှုများ ဇွန် ၃၀ရက် နံနက် ၈ နာရီက ဖြစ်ပွားခဲ့သည်။

နေရာများသို့ ပြည်နယ်မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့်သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းများသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကာ ရပ်ကွက်နေ ပြည်သူများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**



## ဘက်ထရီပန်ကာအားသွင်းရာမှ အပူလွန်ကဲပြီး မီးလောင်မှု ဖြစ်ပွား

**မန္တလေး ဇူလိုင် ၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၃၄)၊ (၈၇-ဘီ)လမ်း၊ ၁၇လမ်းနှင့် ၁၈လမ်းကြား နေအိမ်တွင် ဇူလိုင် ၁ ရက်၊ ည ၇ နာရီက အိပ်ခန်းမွေ့ရာပေါ် ဘက်ထရီပန်ကာအားသွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးဇော်ဝင်းထွန်း ဦးဆောင်၍ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူးဦးဇော်မျိုးထက်နှင့်သန္နမီးသတ်တပ်ဖွဲ့ဝင် ၂၅ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ဦးတို့သည် မီးငြိမ်းသတ်ယာဉ် ၅စီး၊ မီးသတ်ရေသယ်ယာဉ်(၃)စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှုကြောင့် ပေ ၂၀× ပေ ၃၀၊ အာရ်စီ(၂)ထပ်၊ ဒုတိယထပ် ၈ပေ×၁၀ပေ အိပ်ခန်းအတွင်းရှိ မွေ့ရာ၊ အဝတ်အစားများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာ သုံးစွဲသူ မ------၂၇ နှစ်အား အမှတ်(၅)မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။



(ဝဲပုံ)(၀၅၇)

## သစ်ပင်လဲကျမှုဖြစ်ပွား၊ မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်း

**ရေနံချောင်း ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ပြည်တော်သာရပ်ကွက်တွင် ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က သစ်ပင်လဲကျမှု ဖြစ်ပွားခဲ့သည်။





၄င်းဖြစ်စဉ်မှ မကွေးမြို့ ပြည်တော်သာရပ်ကွက်တွင် မိုးရွာသွန်းမှုကြောင့် မြေပျော့ကာ သစ်ပင်လဲကျမှု ဖြစ်ပွားခြင်းဖြစ်ပြီး မကွေးမြို့နယ် မီးသတ်စခန်းမှ သန္နမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၄၇၂)

# အမျိုးသမီးဂုဏ်ရည်



**တင်ထက်ထက်ဇော်**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်မှာ စတင်ဖွဲ့စည်းခဲ့သဖြင့် ယခုနှစ်သည် (၂၈) ကြိမ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြကုန်သော မြန်မာအမျိုးသမီးများကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ကို နှစ်စဉ်နှစ်တိုင်း ဇူလိုင်လ (၃) ရက်တွင် ကျင်းပကြခြင်းဖြစ်ပါသည်။

အမျိုးသမီးများသည် အားနွဲ့သူများဖြစ်၍ အမျိုးသမီးများဘဝ ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများအား ပြုစုပျိုးထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ သက်ဆိုင်ရာ အသင်းအဖွဲ့များကလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဘဝများကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးလျက်ရှိသလို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမှအစ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးအတွက်ပါ သက်ဆိုင်ရာ အဖွဲ့အစည်းများက ယခင်က ထက်ပို၍ ထင်သာမြင်သာ ကာကွယ်စောင့်ရှောက်ပေးသည်ကို တွေ့မြင်လာရပါသည်။

ထို့ကြောင့် အမျိုးသမီးများဘက်ကလည်း အမျိုးသမီးဂုဏ်ရည်ကို အသိ၊ သတိတရားဖြင့် ထိန်းသိမ်းမြှင့်တင်ရပါမည်။ မြန်မာအမျိုးသမီးများအတွက် အရေးကြီးသည့်အချက်မှာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ၊ ပျိုပျိုအိုအို အမျိုးသမီးတို့၏ ဂုဏ်ရည်များ မပျက်မယွင်း၊ မချို့တဲ့ရလေအောင် မိမိတို့၏ မိန်းမသားဘဝကို အစဉ်မြတ်နိုး တန်ဖိုးထားတတ်ရပါမည်။ တစ်ဦးတစ်ယောက်မှသည် အမျိုးသမီးထုတစ်ရပ်လုံး မြန်မာ့ဂုဏ်ဆောင်ခြင်းဖြင့် အနာဂတ် မြန်မာအမျိုးသမီးများဘဝ ပိုမိုတိုးတက်ကောင်းမွန်လာပါမည်။ (စာကြွင်း) မြန်မာအမျိုးသမီးများဆိုသည်မှာ မြန်မာနိုင်ငံတွင်း မွေးဖွားလာကြသော မြန်မာတိုင်းရင်းသား လူမျိုးစုအမျိုးသမီးများအားလုံးကို ရည်ညွှန်းပါသည်။

**တန်ဖိုးရှိလှ မိန်းမသားဘဝ**

တန်ဖိုးရှိသော မြန်မာအမျိုးသမီးတစ်ယောက်ဆိုသည်မှာ ဘာသာတရားအဆုံးအမဖြင့် ကြီးပြင်းလာသူ၊ ကိုယ်အမူအရာ နှုတ်အမူအရာ ယဉ်ကျေးသော အသိုင်းအဝိုင်းမှ ပေါက်ဖွားလာသူ၊ မိသားစုနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက တန်ဖိုးထားခံရသူ၊ အမျိုးသမီးတစ်ယောက်၏ တန်ဖိုးကိုသိနားလည်ပြီး မိမိကိုယ်ကို တန်ဖိုးထားတတ်သူဖြစ်ရပါမည်။ မိမိသည် မြန်မာလူမျိုးဖြစ်သည်၊ မြန်မာတိုင်းရင်းသား ဖြစ်သည်။ မြန်မာအသိုင်းအဝိုင်းမှာ မွေးဖွားလာသည်။ ထို့ကြောင့် ကိုယ့်မြန်မာလူမျိုးကို တန်ဖိုးထားတတ်ရပါမည်။

ရှေးခေတ်ကျောက်စာများတွင် 'ယောက်ယား၊ မိမ' ဟူ၍ တွေ့ရပြီး ယောက်ယာကို ယောက်ျားဟုခေါ်ဆို၍၊ မိမကို မိန်းမဟု ခေါ်ဆိုခြင်းဖြစ်သည်။ ပေါရာဏကျမ်းဆရာတို့က နူးညံ့သိမ်မွေ့စွာသွားလာခြင်း၊ စားသောက်ခြင်း၊ နေထိုင်ခြင်းဆိုသည့် အမူအရာတို့ကို မြင်တွေ့ရသည့်အတွက် မိန်းမောနိုင်သည်ဖြစ်၍ 'မိန်း' ဟုခေါ်ဆိုပြီး၊ လင်သားစသည့်အဆွေအမျိုးတို့ကို စောင်မကြည့်ရှုတတ်သည့်အတွက် 'မ' ဟု ခေါ်ဆိုပါသည်။ ထိုမိန်း နှင့် မကို ပေါင်း၍ မိန်းမဟူ၍ ခေါ်ဆိုညွှန်ပြကောက်ယူခဲ့ပါသည်။

ရှေးပညာရှိ နီတိဆရာများက 'ရဟန်းတို့သည် အကျင့်သီလနှင့် ပြည့်စုံရမည်၊ မင်းတို့သည် စစ်သည်အင်္ဂါနှင့် ပြည့်စုံရမည်၊ မိန်းမတို့သည် အဆင်းအင်္ဂါနှင့် ပြည့်စုံရမည်' ဟု ဖွင့်ဆိုခဲ့ပါသည်။ မိန်းမတစ်ယောက်မှာ ခန္ဓာကိုယ် ရုပ်ရည်လှပမှု အဆင်းသာမက စိတ်နေစိတ်ထားလှပမှု အချင်းနှင့်ပါပြည့်စုံနေပါမှ ထူးချွန်ပြည့်ဝသော မိန်းမကောင်းမိန်းမမြတ် ဖြစ်ပါမည်။ ရှေးပညာရှိကဝိအကျော်အမော်တို့က မိန်းမအမျိုးအစားနှင့် အဆင့်အတန်း ကြန်အင်လက္ခဏာတို့ကို အောက်ပါအတိုင်း ခွဲခြားရေးသားထားကြပါသည်။

**(က) ပဒုမ္မာနီမိန်းမတို့၏ လက္ခဏာ**

(၁) လဝန်းကဲ့သို့သော မျက်နှာရှိ၏။ (၂) ညက်ညောသည့် အသားအရေရှိ၏။ (၃) တောက်ပဖြူစင်သော သွားရှိ၏။ (၄) ခြေဖဝါး၊ လက်ဖဝါး ပြည့်ဖြိုး၏။ (၅) ဆံပင်နက်မှောင် ရှည်လျားကောင်းမွန်၏။ (၆) လည်ပင်းတွင် အရေးအရစ်သုံးခုရှိ၏။ (၇) သားမြတ်ကြီး၏။ (၈) ဟင်္သာကဲ့သို့ သွားလာတတ်ခြင်းမျိုးရှိ၏။ (၉) အသံသြဇာသာယာမှုရှိ၏။ (၁၀) မိဘဆရာတို့အား ရိုသေလေးစားမှု ရှိ၏။ (၁၁) လင်ယောက်ျားကို ချစ်ခင်ရိုသေ၏။ (၁၂) မကောင်းမှုကိုရှောင်ကြဉ်၍ ကောင်းမှုကိုပြု တတ်၏။ (၁၃) အရှက်တရားကြီးမား၏။ (၁၄) ကြောက်ရွံ့လေးစားထိုက်သူကို ကြောက်ရွံ့၏။ (၁၅) ပညာအရည်အချင်းနှင့် ရုပ်ရည်ချောမောလှပမှုတို့နှင့် ပြည့်စုံ၏။ (၁၆) ပဒုမ္မာကြာကဲ့သို့သော ကိုယ်နံ့ရှိ၏။ (၁၇) ကိုယ်အရသာချို၏။ (၁၈) မာတင်္ဂကဲ့သို့ ကြည့်ခြင်းမျိုးရှိ၏။ (၁၉) ကိုယ်သည် ချမ်းသောအခါတွင် နွေး၍၊ ပူသောအခါတွင် အေး၏။

**(ခ) စိတ္တရနီမိန်းမတို့၏ လက္ခဏာ**

(၁) ရယ်ရွှင်ပြုံးတူးခြင်းများရှိ၏။ (၂) ခိုပေါက်ကဲ့သို့သော အသံရှိ၏။ (၃) လိပ်ကဲ့သို့ သွားလာမှုမျိုးရှိ၏။ (၄) အသားအရေ ပျော့ပျောင်းမှုရှိ၏။ (၅) မိဘဆရာတို့အား ရိုသေလေးစားတတ်၏။ (၆) ကြာညိုနံ့ကဲ့သို့သော ကိုယ်နံ့ရှိ၏။ (၇) လင်ကို ရိုသေတတ်၏။

**(ဂ) သင်္ခနီမိန်းမတို့၏ လက္ခဏာ**

(၁) ဆံပင် ရှည်လျားကောင်းမွန်၏။ (၂) ပျားအနံ့ကဲ့သို့သော ကိုယ်နံ့ရှိ၏။ (၃) သားမြတ်သည် သလဲသီးနှင့်တူ၏ (၄) ခါးစင်း၍ ရင်ကော့၏။ (၅) ကိုယ်ဟန်သွင်ပြင် ပြေပြစ်၏။ (၆) ယစ်မငယ်၏ သွားလာပုံမျိုးရှိ၏။ (၇) အမွေးအကြိုင် ပန်းနံ့သာ မက်မော၏။ (၈) မကောင်းသော အရသာကိုစား၏။ (၉) ရာဂရမ္မက်ကြီး၏။ (၁၀) ယောက်ျားနှင့် ခဏတာလေးတောင် ကင်းကွာနေလိုစိတ် မရှိခြင်းဖြစ်၏ (၁၁) ရသေ့ရဟန်းကို မြင်လျှင်ပင် မက်မော၏။

**(ဃ) ဟတ္တနီမိန်းမတို့၏ လက္ခဏာ**

(၁) တင်ပါးဆုံကြီးပြီး တင်ပါးမြင့်၏။ (၂) နှာရွက်တိုပြီး နှုတ်ခမ်းကြီး၏။ (၃) နှာခေါင်းပိပြား၏။ (၄) မျက်စိသည် လောက်စာလုံးကဲ့သို့ ဝိုင်း၏။ (၅) ခါးတုတ်၏။ (၆) ပေါင်ရင်းတုတ်၏။ (၇) ခြေသလုံးကြီးပြီး ခြေဖဝါးတို၏။ (၈) လက် ချောင်း ခြေချောင်းတို၏။ (၉) သားမြတ်သေး၍ ချက်ကြီး၏။ (၁၀) ကိုယ်အရသာ ငံ၏။ (၁၁) ဆင်မကဲ့သို့သော သွားလာခြင်းမျိုးရှိ၏။ (၁၂) ဆင်မုန်နံ့ကဲ့သို့သော ကိုယ်နံ့ရှိ၏။ (၁၃) အမျက်ဒေါသကြီး၏။ (၁၄) လာဘရမ္မက်ကြီး၏။ (၁၅) ရာဂရမ္မက်ကြီး၏။ (၁၆) ယောက်ျားမြင်လျှင် တိမ်းညွှတ်လွယ်၏။

သို့ပါ၍ မြန်မာမိန်းကလေးတို့သည် မိန်းမကောင်း မိန်းမမြတ်ဂုဏ်ရည်နှင့်ပြည့်ဝသော မိန်းမတစ်ယောက်ဖြစ်လာစေရန် အထက်ဖော်ပြပါ ကြန်အင်လက္ခဏာလေးမျိုးအနက် ပဒုမ္မာနီမိန်းမအမျိုးအစားနှင့် စိတ္တရနီမိန်းမအမျိုးအစား စာရင်းမှာ ပါရှိအောင် မိမိကိုယ်ကို ပြုပြင်ထိန်းသိမ်းအပ်ပါသည်။

**မိန်းမကောင်း မိန်းမမြတ်တို့၏ အရည်အချင်း**

ပျိုပျိုအိုအို ကြီးငယ်မဟူ အမျိုးသမီးတိုင်းသည် မိန်းမကောင်း မိန်းမမြတ်တို့၏ အရည်အချင်း (၁၂) ရပ်နှင့်အညီ ကျင့်ကြံ အားထုတ်နိုင်ဖို့ လိုအပ်ပါသည်။ ၎င်းတို့မှာ -

* ရတနာသုံးပါးနှင့် မိဘဆရာသမားတို့အား ရိုသေ၍ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုး၊ အပြစ်ကို ယုံကြည်ပြီး သဒ္ဓါတရားရှိဖို့လိုပါသည်။

* မကောင်းမှု ဟူသမျှတို့ကို ပြောဆိုပြုလုပ်ရမည်ကို အရှက်တရားရှိပြီး ရှောင်ကြဉ်တတ်ဖို့ လိုပါသည်။

* မကောင်းမှုဟူသော ကိစ္စရပ်များကို ကြောက်တတ်ပြီး ဝေးဝေးက ရှောင်ရှားသင့်ပါသည်။

* ကိစ္စဟူသမျှတို့တွင် ဆတ်ဆတ်ထိမခံ အမျက်ဒေါသကြီးခြင်း မရှိဘဲ၊ စိတ်ရှည်ရှည်ထား၍ သည်းခံတတ်ရပါမည်။

* အသိပညာ၊ အတတ်ပညာတို့ကို ရင့်သန်မှုရှိအောင် ကြိုးစားရပါမည်။

* လူ့ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းသည့် အနေဖြင့် သူတစ်ပါး၏ သိက္ခာဂုဏ်ကျေးဇူးတို့ကို မဖျက်ဆီးသင့်ပေ။

* သူတစ်ပါးအား မနာလိုဝန်တိုခြင်း မပြုရ၊ ငြူစူစောင်းမြောင်းခြင်းလည်း မပြုရပါ။

* မိမိကဲ့သို့ လှလာမည်၊ မိမိကဲ့သို့ အခွင့်အလမ်းကောင်း ရလာမည်၊ မိမိကဲ့သို့ ချမ်းသာလာမည်ကို မကြိုက်သော သဝန်တိုစိတ်ထားမျိုး မထားရ။

* ကိုယ်ကျင့်သီလကို ထိန်းသိမ်း စောင့်ရှောက်ရပါမည် (နေ့စဉ်ဘဝမှာ အနည်းဆုံး ၅ ပါးသီလကို လုံခြုံအောင် စောင့်ထိန်းရပါမည်)

* အကြားအမြင် ဗဟုသုတ အတွေ့အကြုံများရှိအောင် ဆည်းကပ်လေ့လာရပါမည်။ လောကစာပေ များဖြစ်ကြသည့် သုတစာပေ၊ ရသစာပေ၊ ဓမ္မစာပေတို့ကို ဖတ်ရှုလေ့လာ မှတ်သားပြီး ကျင့်ကြံကြိုးကုတ် အားထုတ်တတ်ဖို့လိုပါသည်။

* မိမိကိုယ်တွင် အပျင်းထူသောစိတ်များ မမွေးရ။

* အရာရာတွင် သတိဝီရိယ ရှိနေရမည် ဖြစ်ပြီး၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေထိုင်ပြောဆိုခြင်း မပြုသင့်ပေ။

**မိမိကိုယ်ကို ယုံကြည်မှု**

'အမျိုးသမီးက အမျိုးသားကိုမှီခိုရမယ်' ဟူသော အယူအဆတစ်ခုရှိခဲ့သည်။ သို့သော် ၂၁ ရာစု မျက်မှောက်ခေတ်တွင် ထိုအယူအဆ မမှန်တော့ပေ။ မျက်မှောက်ကာလတွင် မြန်မာအမျိုးသမီးများသည် မောင်တစ်ထမ်း မယ်တစ်ရွက်နှင့် အိမ်ထောင့် တာဝန်ကိုသာမက အမျိုးသားများနှင့်ရင်ပေါင်တန်း၍ မိမိအကျိုး၊ အများအကျိုးတို့ကို သယ်ပိုးထမ်းဆောင်နေကြပါသည်။ ယှဉ်ပြိုင်မှုများ၊ စိမ်ခေါ်မှုများနှင့် ပြည့်နှက်လာသော ခေတ်ကြီးမှာ 'မိမိကိုယ်ကို ယုံကြည်မှုရှိရှိဖြင့် မိမိကိုယ်ကိုမိမိ ကောင်းစွာ တည်ဆောက် နိုင်ရမည်' ဟူသော ယုံကြည်မှု ရှိသင့်ပါသည်။

တချို့မိန်းကလေးများက အမှန်တကယ်ဖြစ်သင့်သည်မှာ ငါဘယ်လိုမိန်းမမျိုးလဲ၊ ဘယ်လို အနေအထားမျိုးမှာ ရောက်နေပြီး ဘယ်လို ကိုယ်ပိုင်ဝင်ငွေ ရှာနိုင်နေပြီလဲ ဆိုတာမျိုးဖြစ်နေရမည်။ မိမိနှင့်ပတ်သက်သော ယောက်ျား တစ်ယောက်၏ ဂုဏ်ကိုဖော်ကျူးပြီး ဂုဏ်ယူနေမည့်အစား၊ ကိုယ်ပိုင်အရည်အချင်းဖြင့် ကိုယ့်ဂုဏ်နဲ့ကိုယ် ဝင့်ကြွားနေသင့်ပါသည်။

'မိန်းမတစ်ယောက်၏ မာနသည်၊ သူမ၏ ဂုဏ်သိက္ခာဖြစ်၏ (Woman's Pride is her Dignity)' ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားရင်း၊ မြန်မာအမျိုးသမီးတိုင်း တန်ဖိုးရှိရှိ ဂုဏ်တင့်စွာဖြင့် နေထိုင်တတ်ကြရပါမည်။ မိန်းမသည် ယဉ်ကျေးမှု၏ မိခင်ဖြစ်သလို၊ မိန်းမကောင်း မိန်းမမြတ်၏ ဂုဏ်ရည်သည်လည်း တိုင်းပြည်နှင့် လူမျိုးဂုဏ်ရည်ကို မြင့်မားစေနိုင်မည် ဖြစ်သည်။

တစ်ခေတ်တစ်ခါက နိုင်ငံကို အကျိုးပြုခဲ့ကြသည့် မြန်မာအမျိုးသမီးစွမ်းအားရှင်တွေလည်း အမြောက်အမြား ပေါ်ထွက်လာခဲ့ရာ အမျိုးသားရေး၊ ဘာသာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စာပေအနုပညာ စသည့် ကဏ္ဍအသီးသီးမှာ မြန်မာအမျိုးသမီးတွေ ပါဝင်ခဲ့သည်ကို တွေ့ရပါသည်။ စာပေပညာမှာလည်း မမြလေး၊ လှိုင်ထိပ်ခေါင်တင်၊ ဓာတုကလျာ၊ မယ်ခွေ စသည့် မြန်မာအမျိုးသမီးများသည် သမိုင်းတွင်ထင်ရှားသော စာဆိုများဖြစ်ကြသလို ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများသည် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားစေရန် စွမ်းဆောင်နိုင်ခဲ့ကြပါသည်။

ထို့ပြင် သမိုင်းအဆက်ဆက် မြန်မာအမျိုးသမီးများသည် စွမ်းဆောင်ရည်မြင့်မားကြပြီး လွတ်လပ်ရေးရရှိရေး တိုက်ပွဲ ဝင်ရာမှာလည်း အမျိုးသားများနှင့် တန်းတူပါဝင်ခဲ့ကြပေသည်။ သို့ပါ၍ မြန်မာအမျိုးသမီးတစ်ရပ်လုံး အမျိုးသမီးဂုဏ်ရည်နှင့် ညီညွတ်စွာ ကျင့်ကြံကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်းနှင့် ပြည်ချစ်စိတ်မွေးမြူကာ အမျိုးသမီးဂုဏ်ရည်ကို အသိ၊ သတိတရားဖြင့် ထိန်းသိမ်းမြှင့်တင်ရမည် ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**(မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်)**

# နိုင်ငံတကာ အားကစား သတင်းများ

## ကာမာဒါ ခရစ္စတယ်ပဲလေ့စ်အသင်းသို့ ၂နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့

**လန်ဒန် ဇူလိုင် ၂**

လာဇီယိုအသင်းနှင့် ဂျပန်လက်ရွေးစင်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကာမာဒါသည် ပရီးမီးယားလိဂ်ကလပ် ခရစ္စတယ်ပဲလေ့စ်အသင်းသို့ ၂ နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမား ကာမာဒါသည် လာဇီယိုအသင်းနှင့်အတူ ပြီးခဲ့သည့်



ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၈ပွဲကစားကာ ၂ ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသလို၊ ဂျပန်လက်ရွေးစင်အသင်းနှင့်လည်း ၂၀၁၉မှ ၂၀၂၄ ခုနှစ်အတွင်း ပြိုင်ပွဲ ၃၃ပွဲကစားကာ ၇ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြထားခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ **(ဓါတ်ပုံ)**

အသက် ၂၇နှစ်အရွယ်ရှိ ကာမာဒါက "ကျွန်တော်ခရစ္စတယ်ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ အာရှသားတစ်ယောက်အနေနဲ့ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့အိပ်မက်တွေလည်း ပြီးပြည့်စုံပါပြီ။ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ရလဒ်ကောင်းတွေ ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

## ဂီတာဖေးအသင်း အကောင်းဆုံးကစားသမားဆုကို ဂရင်းဝုဒ် ဆွတ်ခူး

**မက်ဒရစ် ဇူလိုင် ၂**



၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွင်း ဂီတာဖေးအသင်း ပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို တိုက်စစ်မှူးဂရင်းဝုဒ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ချက်စတာယူနိုက်တက်အသင်းမှ ဂီတာဖေးအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၆ ပွဲကစားကာ ၁၀ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက် ၂၂နှစ်အရွယ်ရှိ ဂရင်းဝုဒ်က "ကျွန်တော် အခုလို အငှားလာရောက်ကစားတဲ့ အသင်းမှာ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ အခုဆုရတာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလိုဆုတံဆိပ်တွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)(NGB)**

## မာ့ခ်ဂူအီယူအား ချဲလ်ဆီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂**

ချဲလ်ဆီးအသင်းသည် ဘာစီလိုနာအသင်း အကယ်ဒမီထွက် ကစားသမား မာ့ခ်ဂူအီယူအား ၆နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၁၈နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီမှ စတင်ကာ ဘာစီလိုနာ



အသင်းကြီးတွင် ပါဝင်ကစားခွင့်ရရှိပြီး ပြိုင်ပွဲစုံ ၇ပွဲကစားကာ ၂ ဂိုး သွင်းယူထားသလို၊ အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်းထုတ်ပြန်ချက်တွင် "မာ့ခ်ဂူအီယူအား ခေါ်ယူခဲ့ပါပြီ။ သူဟာ ထွန်းတောက်လာမယ့် ကစားသမားဖြစ်လာဦးမှာပါ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ် ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

**(ဓါတ်ပုံ)**
**(NGB)**



## 2024 Nordea Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၈ ရက်တွင် စတင်မည်

**လန်ဒန် ဇူလိုင် ၂**

ဆွီဒင်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသား၊ အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Nordea Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၈ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2024 Nordea Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၈ရက်မှ ၂၂ရက်အထိ ၁၅ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Nordea Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

Nordea Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ရုရှားတင်းနစ်ကစားသမား Andrey Rublev နှင့် ဆားဗီးယား တင်းနစ်မယ် Olga Danilovic တို့ ဖြစ်သည်။ **(NGB)**

## အာချီဂရေးအားခေါ်ယူရန် စပါးအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၂**

စပါးအသင်းသည် လိဒ်စ်အသင်း ဆယ်ကျော်သက် ကွင်းလယ်ကစားသမား အာချီဂရေးအားခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက် ၁၈နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လိဒ်စ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၂ပွဲ ကစားပြီး ခြေစွမ်းပြထားသလို အနာဂတ်ထွန်းတောက်လာမည့် သူတစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရမှုကြောင့် စပါးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

လိဒ်စ်အသင်းကလည်း အာချီဂရေးအတွက် စတာလင်ပေါင် သန်း ၅၀နီးပါး ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(အောက်ပုံ)**

ထို့ကြောင့် စပါးအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် လိဒ်စ်အသင်းထံမှ အာချီဂရေးအား ရရှိအောင်ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ရော့စ်ဘာကလေအား စတာလင်ပေါင် ၅သန်းဖြင့် အက်စတွန်ဗီလာအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂**

အက်စတွန်ဗီလာအသင်းသည် အသင်းကစားသမားဟောင်းဖြစ်သည့် ကွင်းလယ်ကစားသမား ရော့စ်ဘာကလေအား လူတန်တောင်းအသင်းထံမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အက်စတွန်ဗီလာအသင်းသို့ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီက အငှားလာရောက်ကစားခဲ့ဖူးသူ ဖြစ်သည်။

ဝါရင့်ကွင်းလယ်ကစားသမား ရော့စ်ဘာကလေသည် လူတန်



တောင်းအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၇ ပွဲကစားကာ ၅ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် လက်ရှိနွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ၅ဦးအထိ ခေါ်ယူထားပြီး ဖြစ်သည်။

**(ဓါတ်ပုံ) (NGB)**

## ယူရိုပြိုင်ပွဲသမိုင်းတွင် ပင်နယ်တီသုံးကြိမ်စလုံး ကာကွယ်နိုင်သည့် ပထမဆုံးဂိုးသမားအဖြစ် ဒီယိုဂိုကော်စတာ မှတ်တမ်းဝင်

**ဖရန့်ဖတ် ဇူလိုင် ၂**

ပေါ်တူဂီလက်ရွေးစင်အသင်း ဂိုးသမား ဒီယိုဂိုကော်စတာသည် ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ပင်နယ်တီသုံးကြိမ်စလုံး ကာကွယ်နိုင်သည့် ပထမဆုံး ဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ဂိုးသမားသည် ယူရို ၂၀၂၄ ဥရောပဖလား ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ပေါ်





တူဂီအသင်းက ဆလိုဗေးနီးယားအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပင်နယ်တီသုံးကြိမ်စလုံး ကာကွယ်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းအားပိုင်ဆိုင်ခြင်း ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဒီယိုဂိုကော်စတာက "ကျွန်တော် အခုလို မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ပြီးတော့ ပေါ်တူဂီလက်ရွေးစင်အသင်းနှင့်အတူ ယူရို ၂၀၂၄ ချန်ပီယံဆုကိုလည်း ရယူသိမ်းပိုက်သွားလိုပါတယ်"ဟု ပြောသည်။ **(ဓါတ်ပုံ) (NGB)**

## ဂိုးသမား မယ်ရီအပ်စ်အား ပီအက်စ်ဂျီအမျိုးသမီးအသင်း ခေါ်ယူ

**ပါရီ ဇူလိုင် ၂**

ပီအက်စ်ဂျီအမျိုးသမီးအသင်းသည် မန်ချက်စတာယူနိုက်တက် အမျိုးသမီးအသင်း ဂိုးသမား မယ်ရီအပ်စ်အား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။





အဆိုပါ ဂိုးသမားသည် ပီအက်စ်ဂျီအမျိုးသမီးအသင်းနှင့်အတူ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ဂိုးသမား မယ်ရီအပ်စ်သည် မန်ချက်စတာယူနိုက်တက်အမျိုးသမီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၅ပွဲကစားပြီး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ မယ်ရီအပ်စ်က "ကျွန်မ ပီအက်စ်ဂျီအမျိုးသမီးအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါဘဲ။ ဒီအသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားလိုပါတယ်"ဟု ပြောသည်။ **(ဓါတ်ပုံ) (NGB)**

## အရှေ့တောင်အာရှ(ယူ-၁၆)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ)

**နိုင်ကမ္ဘာ**

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပြိုင်ပွဲအမျိုးအစား |
|---|---|---|---|
| ၃-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့ | မွန်းလွဲ၂း၃၀နာရီ | အင်ဒိုနီးရှား - ဗီယက်နမ် | တတိယနေရာလုပွဲ |
| ״ | ညဂ၇း၀၀နာရီ | ထိုင်း - သြစတြေးလျ | ဗိုလ်လုပွဲ |



## အခြေခံပညာကျောင်းများ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျောင်းသား၊ ကျောင်းသူများအား သန်ချဆေးတိုက်ကျွေး

**ညောင်ဦး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းသား၊ ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၊ အဖွဲ့ဝင် ဦးဆန်းထွန်းဦး၊ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ဒုတိယဌာနမှူး ဒေါက်တာရွှေစင်ထိုက်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ညောင်ဦးခရိုင် အခြေခံပညာဦးစီးဌာန၊ ခေတ္တခရိုင်ပညာရေးမှူး ဦးအောင်ဌေးနှင့် မြို့နယ်ပညာရေးမှူး ဦးဖုန်းမောင်တို့သည် ညောင်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုများ၊ ညောင်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပလတ်စတစ် လုံးဝကင်းစင်ရေး၊ ဆေးလိပ်ငွေ့ လုံးဝကင်းစင်နယ်မြေဖြစ်ရေးနှင့် ကျောင်းဝင်းအတွင်းရှိ ရေအုတ်ကန်များအတွင်း ပိုးလောက်လန်း ပေါက်ပွားခြင်းမရှိစေရေး၊ ကျန်းမာရေးဝန်ထမ်းများက အဘိတ်ဆေးခတ်ခြင်းနှင့် ပေါင်းမြက်များအား စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်း ဆောင်ရွက်နေသည့် အခြေခံပညာအထက်တန်းကျောင်း(ပုဂံ)၊ အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)၊ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၊ အခြေခံပညာမူလတန်းလွန်ကျောင်း(တက်သိမ်း)၊ အခြေခံပညာမူလတန်းကျောင်း အမှတ်(၂) တို့အား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၁)**



## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကြွက်ခဲဘုရား ဓမ္မာရုံ၌ ဇူလိုင် ၁ ရက်က ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်း အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချမ်းမြသာစည်မြို့နယ် မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်နေ ပြည်သူများ စုစုပေါင်း အင်အား ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပြီး အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချမ်းမြသာစည်မြို့နယ် မြို့နယ်ဦးစီးမှူးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက် ၍ အသိပညာပေးဟောပြောရှင်းလင်းခြင်းနှင့် တက်ရောက်လာသည့် ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှဆောင်ရွက်ခဲ့ပြီးနောက် တက်ရောက်လာသည့် ပြည်သူများအား အောင်ပင်လယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက ဆန်တစ်ပြည်စီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၆)**



## လင်းခေးမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**လင်းခေး ဇူလိုင် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်တွင် ၂၀၂၄ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက Solar Power Plant စီမံကိန်းမြေနေရာတွင် ပြုလုပ်သည်။

ရှေးဦးစွာ လင်းခေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ပျိုးပင်များ အသီးသီးပေးအပ်ကြသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် ပျိုးပင်များစိုက်ပျိုးကြပြီး တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေပြီး ရာသီဥတု ညီညွတ်မျှတမှုရှိစေရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတတ်စေပြီး သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် သပြေဘူတ၊ စိန်တချူး၊ မာတာကွတ်၊ မဲဇလီ၊ ရေတမာ၊ စိန်ပန်းနီ၊ ကုက္ကိုလ် ဟူသည့် ပျိုးပင်ပေါင်း ၁၀၀၀ ကို ပြည်သူလူထုအင်အား လေးရာခန့်က တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

**ကျော်စောဦး(မောရှမ်းမြေ)**

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်(၇၁၂)၊ ၃၂လမ်းနှင့် ၇၆လမ်းထောင့်တွင် ရောင်းချပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဆန်ကုန်သည်များအသင်းနှင့် ဆန်စက်ပိုင်များအသင်း၊ ဆန်လက်လီရောင်းချသူများတို့က ရည်ညွှန်းဈေးအတိုင်း ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ ဧည့်မထ ဆန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇူလိုင် ၃ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်(၅၃၆)၊ ၈၅လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားတွင်လည်းကောင်း၊ ဇူလိုင် ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်(၄၇၅၊ ၄၇၆)၊ ထီးတန်းရပ်၊ ထီးတန်း၊ ပဲတန်းလမ်း၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ထီးတန်းဓမ္မာရုံရှေ့တွင် နံနက် ၆ နာရီခွဲမှ စတင်၍လည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှစတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။ **(ဝဲပုံ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



# မဲဇလီရေလွှဲဆည်မှ ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးရန် ဧကပေါင်း ၈၀၀၀၀ ကျော်အား ပျိုးထောင်ရေများ စတင်ပေးဝေ

**မင်းဘူး ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်းရှိ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်အောက်ရှိ မဲဇလီရေလွှဲဆည်မှ ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးရန် ဧကပေါင်း ၈၀၀၀၀ ကျော်အား စိုက်ပျိုးရေများ ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး ယခုအခါ ပျိုးထောင်ရေများ စတင်ပေးဝေလျက်ရှိကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မဲဇလီရေလွှဲဆည်သည် မကွေးတိုင်းဒေသကြီး၏ ဆန်အိုးကြီးသဖွယ်ဟု တင်စားခေါ်ဝေါ်သော မင်းဘူးခရိုင်၊ပွင့်ဖြူမြို့နယ်၌တည်ရှိပြီး နှစ်ပေါင်း ၁၁၀ကျော် သက်တမ်းရှိကာ ရှေးယခင်ကတည်းက တောင်သူအကျိုးပြု အားကိုးအားထားရသော အဓိကဆည်ကြီးတစ်ခုဖြစ်ကြောင်း၊ မဲဇလီရေလွှဲဆည်မှ ဆည်ရေဖြင့် စိုက်ပျိုးရေများကို မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့မှ ဒေသခံတောင်သူများအတွက် နွေ၊ မိုး၊ ဆောင်း သီးနှံစိုက်ပျိုးချိန် ရာသီအလိုက် ဖြန့်ဝေပေးလျက်ရှိရာ ယခုနှစ် မိုးစပါးစိုက်ပျိုး ရာသီအတွက် စိုက်ပျိုးရေများကို ဇွန် ၂၀ ရက်မှ စတင်ပြီး ဖြန့်ဝေပေးလျက်ရှိသည်။

မဲဇလီဆည်ရေသောက် ဧရိယာအတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ဆည်ရေ အလေလွင့်ဆုံးရှုံးမှုများပြားသည့် မိရိုးဖလာ(ကွက်ဆင့်သောက်)ရေသွင်း စနစ်ကို မကျင့်သုံးဘဲ လယ်ကြားမြောင်းများ တူးဖော်၍ ဆည်ရေကို လိုအပ်သောအချိန်၊ လိုအပ်သောနေရာ၌ စနစ်တကျရယူသုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ လက်တံမြောင်း၊ လယ်ကြားမြောင်းများ တူးဖော်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် ပေါင်းမြက်ရှင်းလင်းရေး၊ ရေမြောင်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို လယ်လုပ်ငန်းခွင် မစတင်မီ ကြိုတင်ဆောင်ရွက်နိုင်စေရန်အတွက် တောင်သူအသိပညာပေးခြင်း အစီအစဉ်များကို သီးနှံစိုက်ပျိုးမှု ရာသီအချိန်အလိုက် ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ကြားမြောင်းများ တူးဖော်ဆောင်ရွက်ခြင်းအားဖြင့် ဆည်ရေရယူသည့် ဒေသခံတောင်သူ အချင်းချင်း အငြင်းပွားမှုများ လျော့နည်းကာ ဆည်ရေပေးဝေမှုအား အလှည့်ကျစနစ်ဖြင့် စနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ကျေးရွာအလိုက် ရေအသုံးချသူများအဖွဲ့ (WUG)များ ဖွဲ့စည်းပြီး ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာဌာန၊ တောင်သူအကျိုးဆောင် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စိုက်ပျိုးရေကို အကျိုးရှိရှိ ထိရောက်စွာ ရယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲထွဋ်အောင်က ပြောသည်။



မဲဇလီဆည်ရေသောက် ဧရိယာအတွင်း၌ နွေစပါးနှင့်နွေသီးနှံများအတွက် စိုက်ပျိုးရေများကို အောင်မြင်စွာ ပေးဝေနိုင်ခဲ့ပြီး ယခုအခါ မိုးစပါးများစိုက်ပျိုးရန် ပျိုးထောင်ရေများ စတင်ပေးဝေနေပြီဖြစ်ကာ မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်မှ ဆည်ရေများဖြင့် မိုးစပါးဧကပေါင်း ၈၀၀၀၀ ကျော်အတွက် စိုက်ပျိုးရေများ လုံလောက်စွာ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

(ဝဲပုံ) (၅၀၀)



# အောင်လံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**အောင်လံ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့ သီတဂူဓာတ်ကဝိပဿနာဗုဒ္ဓတက္ကသိုလ်ကျောင်းဝင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းက ခရိုင်ပညာရေးမှူး ဦးချစ်လွင်ထံ ပျိုးပင်များ စိုက်ပျိုးရန် ပေးအပ်ခဲ့သည်။ ထို့နောက် အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား ၂၅၀ ခန့်နှင့်အတူ တမာ၊ကျွန်း၊မဲဇလီ၊ယင်းမာ၊ မြန်မာကုက္ကိုလ်၊ရေတမာ၊မယ်ဇယ်(မည်စည်)အရိပ်ရအပင်မျိုးစုံ ပျိုးပင်ပေါင်း ၂၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) မျိုးသိန်း(ပြန်/ဆက်)**

# ထန်းလျက်ဈေးကောင်း၍ ထန်းတောင်သူများ အဆင်ပြေ

**ရေနံချောင်း ဇူလိုင် ၂**

ထန်းတက်လုပ်ငန်းခွင် ပြီးဆုံးပြီဖြစ်ရာ ထန်းလျက်ဈေးကောင်းသောကြောင့် ထန်းရာသီတွင် ထန်းတောင်သူများ အဆင်ပြေနေကြောင်း မကွေးတိုင်းဒေသကြီး၊ချောက်မြို့နယ်နှင့်ရေနံချောင်းမြို့နယ်မှ ဒေသခံထန်းတက်သူအချို့နှင့် ဒေသခံဈေးကွက်မှ စုံစမ်းသိရှိရသည်။

"ကျွန်တော်တို့ ထန်းသမားတွေ ယခင်ဆယ့်ငါးနှစ်ခန့်က ထန်းတက်ရာသီမှာ အစကနေ ပြီးဆုံးချိန်အထိ ထန်းတက်ရာသီကုန်ချိန်မှာ ဘာတစ်ခုမှ ပြစရာမရှိ ငွေမကျန်တဲ့အပြင် မိသားစုစားရရုံပဲရှိတာကြောင့် အချို့ထန်းမတက်ဘဲ မြို့တက်ပြီး အလုပ်လုပ်ကြတယ်။ ပြည်ပကို ထွက်ပြီး အလုပ်လုပ်ကြတယ်။ ယခုနှစ် ထန်းလျက်ဈေးကောင်း၊ဈေးတက်တဲ့အတွက် အဆင်ပြေတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ထန်းလျက်ဈေးကွက်တွင် စားထန်းလျက်ခေါ် ထန်းလျက်အသေး (ရာသီစာအဖြစ်)စားသုံးသည့် ထန်းလျက်တစ်ပိဿာ ငွေကျပ် ၅၀၀၀၊ မုန့်လုပ်သည့် ထန်းလျက်တစ်ပိဿာ ငွေကျပ် ၄၀၀၀ဖြင့် ရောင်းချရကြောင်း သိရသည်။ **(အောက်ပုံ) (၄၇၂)**



# ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းသီးနှံ ၂၄၇၆ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းသီးနှံ ၂၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံးစိုက်ဧက ၆၂၈၃ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၂၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

"ဒီနှစ် မိုးရာသီမှာ ပဲတီစိမ်းသီးနှံစိုက်ပျိုးရေးကို ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့ ရည်ရွယ်ပြီးတော့ တစ်မြို့နယ်လုံး စိုက်ဧက ၆၂၈၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူတွေက မေလကစပြီး စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၂၄၇၆ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေကို သီးနှံအထွက်နှုန်းတွေ ကောင်းမွန်စေဖို့အတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးကြဖို့၊သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေနဲ့ အခြေခံစိုက်ပျိုးရေး နည်းပညာတွေကို စနစ်တကျ လိုက်နာကျင့်သုံး ဆောင်ရွက်ကြဖို့ တောင်သူပညာပေးလုပ်ငန်းများဆောင်ရွက်ပေးထားပါတယ်။ ဒီဒေသက စိုက်ပျိုးရေအဆင်ပြေတော့ ပဲတီစိမ်းသီးနှံစိုက်ပျိုးရေး လုပ်ငန်းဟာ အောင်မြင်ဖြစ်ထွန်းမှုလည်းရှိပါတယ်။ နောက်ပြီး ဈေးကွက်လည်း ရှိတာကြောင့် ဒေသခံတောင်သူတွေက နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အားထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်အောင်လည်း ဒေသခံတောင်သူတွေကို ပံ့ပိုးကူညီဆောင်ရွက်နေပါတယ်"" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနဦးစီးမှူးထံက သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဈေးကွက်ရှိသည့် ပဲတီစိမ်းသီးနှံ အပါအဝင် ပဲကြီး၊ ပဲစင်းငုံနှင့် အခြားပဲသီးနှံများကို အားထားစိုက်ပျိုးကြကြောင်း၊ ယခင်နှစ် မိုးရာသီကလည်း ပဲတီစိမ်းသီးနှံကို ဧက ၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်လည်း စိုက်ဧက ၆၂၈၃ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကာ ယနေ့အထိ ၂၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



(ဝဲပုံ) (၄၄၅)

# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ပြေးခြင်း၏ အကျိုးကျေးဇူးများ

လေ့လာချက်များအရ ပြေးခြင်းဟာ စိတ်ပိုင်းဆိုင်ရာအတွက်ရော ကိုယ်ခန္ဓာအတွက်ပါ အကျိုးများစွာ ဖြစ်စေပါတယ်။ ပုံမှန်ပြေးခြင်းဖြင့် ရရှိနိုင်သော အကျိုးများကို အောက်တွင် ဖော်ပြထားပါတယ်။

**(၁) ပျော်ရွှင်မှု**

ကိုယ်လက်လှုပ်ရှားမှုတိုင်းဟာ သင့်ကို တက်ကြွစေပါတယ်။ ပြေးခြင်းဟာ သင့်ခန္ဓာကိုယ်ပေါ် ကြီးမားသောသက်ရောက်မှုရှိသောကြောင့် အခြားအားကစားနည်းများထက် ဟော်မုန်းပမာဏကို ပိုမိုကောင်းမွန်စေပါတယ်။ လေ့လာချက်အရ ပြေးခြင်းဟာ ခန္ဓာကိုယ်အတွင်းမှ Endocannabinoid လို့ခေါ်သော ဟော်မုန်းတစ်မျိုးကို ထွက်စေခြင်းဖြင့် စိတ်ကျေနပ်မှုကို ရစေပါတယ်။ ချက်ချင်း စိတ်ဓာတ်ပြန်လည်တက်ကြွစေတဲ့အတွက် စိတ်ဖိစီးမှု ခံစားနေရသူများအတွက် သင့်တော်ပါတယ်။

**(၂) ကိုယ်ခန္ဓာကြံ့ခိုင်မှု**

'ပြေးခြင်းက အဆီများကို လျှင်မြန်စွာကျစေပြီး ခန္ဓာကိုယ်ကို ပုံစံကျ လှပစေပါတယ်။ ကိုယ်အလေးချိန်လျှော့ကျကာ ကယ်လိုရီများ လောင်ကျွမ်းစေပါတယ်။ အရမ်းမြန်မြန် ပြေးစရာမလိုပါ။ အရမ်းမပြင်းထန်သော အားကစားနည်းများက သင့်ခန္ဓာကိုယ်ကို ပို၍ အကျိုးဖြစ်ထွန်းစေပါတယ်'ဟု သိပ္ပံပညာအရ တွေ့ရှိထားပါတယ်။ သို့သော် ပြေးခြင်းက ဆာလောင်ခြင်းကို ဖြစ်စေပါတယ်။ နံနက်ဘက် ထပြေးပြီးပါက တစ်နေ့လုံး ကိုယ်စားချင်သလို ကြိုက်သလောက် စားနိုင်သည်ဟူသော အသိက မှားယွင်းပါတယ်။ အစားအသောက်ကို ထိန်းချုပ်မှု မရှိပါက အလကား အချည်းနှီး ဖြစ်ပါလိမ့်မယ်။

**(၃) စိတ်ပိုင်းဆိုင်ရာစူးရှခြင်း**

အသက်ကြီးလာသည်အမျှ သင့်ဦးနှောက်၏ စွမ်းဆောင်ရည်များ ကျဆင်းလာပါတယ်။ တွေးခေါ်ခြင်းများ နှေးလာပြီး မှတ်ဉာဏ်များ ပျောက်ဆုံးစေပါတယ်။ ပြေးခြင်းက ထိုဆုတ်ယုတ်ခြင်းများကို ကာကွယ်ပေးနိုင်ပါတယ်။ အသက်ကြီးသူများ ပုံမှန်ပြေးပါက မှတ်ဉာဏ်ကောင်းစေပြီး အာရုံစူးစိုက်မှု ပိုကြာစေပါတယ်။ စိတ်ပိုင်းဆိုင်ရာအရလည်း ပိုမိုတိုးတက်ပါတယ်။ လေဖြတ်ပြီးသူများသည် ပုံမှန်အားကစားတစ်ခုလုပ်ပါက ဦးနှောက်စွမ်းဆောင်ရည်ကို ၅၀ ရာခိုင်နှုန်း ပြန်ကောင်းစေပါတယ်။

**(၄) ကျန်းမာသော ခန္ဓာကိုယ်**

ပြေးခြင်းက ရောဂါများကို ပျောက်အောင် မကုသနိုင်သော ရောဂါများကို ကာကွယ်နိုင်ပါတယ်။ ပုံမှန်ပြေးသော အမျိုးသမီးများ ရင်သားကင်ဆာ ကာကွယ်နိုင်ခြင်း၊ လေဖြတ်နိုင်ချေကို နည်းစေခြင်းတို့ဖြင့် အကျိုးပြုပါတယ်။ ဆရာဝန်အတော်များများက ဆီးချိုနှင့် သွေးတိုးကုသနေထိုင်နည်းများတွင် ပြေးခြင်းကို ထောက်ခံလေ့ရှိကြသည်။ သင်က ပြေးနေစဉ် သင့်သွေးလွှတ်ကြောများနှင့် နှလုံးတို့က ပိုသန်စွမ်းလာပြီး ရုတ်တရက် နှလုံးရပ်ခြင်း အန္တရာယ်ကို နည်းစေပါတယ်။ ထို့ပြင် အားကစားပြုလုပ်ပါက ခန္ဓာကိုယ်ထဲရှိ အဆိပ်အတောက်များကို ပြေလျော့စေပါတယ်။ ထို့ကြောင့် ကင်ဆာရောဂါများကို ကာကွယ်ပေးနိုင်ပါတယ်။ ထို့ကြောင့် ပြေးခြင်းက ကိုယ်ခံအားစနစ်ကို မြင့်စေပြီး ကျန်းမာရေး ကောင်းမွန်စေပါတယ်။

အားကစားလုပ်ရန် သီးသန့်အခန်းကျယ်ကြီး မလိုအပ်ပေ။ ပြေးခြင်းက သင့်အား ငွေမကုန်စေပါ။ သင့်အား အကောင်းဆုံး ကျန်းမာရေးအကျိုးများ ပေးနိုင်ပါတယ်။

**Daisy**



## အရွယ်တင်နုပျိုစေမည့် အမူအကျင့်များ

အရွယ်တင်နုပျိုဖို့အတွက်ဆိုရင် Skin care တွေ အသုံးပြုပေးရုံနဲ့ မလုံလောက်ပါဘူး။ ကိုယ့်ရဲ့ နေထိုင်စားသောက်ပုံနဲ့လည်း အများကြီးသက်ဆိုင်ပါတယ်။ အသားအရေ ထိန်းသိမ်းတဲ့ ပစ္စည်းအကောင်းစားတွေ ဘယ်လိုပဲသုံးနေပါစေ စားချင်တာတွေစားပြီး ဖြစ်သလိုနေထိုင်နေမယ်ဆိုရင်တော့ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်မှုကို ဖြစ်စေမှာပါ။ အရွယ်တင်နုပျိုဖို့အတွက် ဘယ်လိုမျိုး အစားစာတွေစားပြီး ဘယ်လိုနေထိုင်မှု ပုံစံနဲ့နေထိုင်ရမလဲဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

**(၁) နေရောင်ခြည်ဒဏ်ခံနိုင်သော အစားအစာများကို ရွေးချယ်စားသုံးပါ။**

မြန်မာနိုင်ငံဟာ ပူပြင်းတဲ့ ရာသီဥတုရှိတာမို့ နေရောင်ခြည်ကြောင့် အသားအရေ နေလောင်ခြင်း၊ အရေပြားနီရဲခြင်း၊ အရေပြားခြောက်သွေ့ခြင်း၊ ကြမ်းတမ်းခြင်း စတဲ့ပြဿနာတွေ ဖြစ်တတ်ကြပါတယ်။ ဒါကြောင့် နေရောင်ကာခရင်မ်ကို အမြဲလိမ်းဖို့ လိုအပ်သလို နေရောင်ဒဏ်ခံနိုင်တဲ့ အစားအစာတွေဖြစ်တဲ့ ခရမ်းချဉ်သီး၊ စပျစ်သီး၊ စတော်ဘယ်ရီသီးတွေကို စားသုံးပေးသင့်ပါတယ်။ အဲဒီအသီးတွေဟာ နေရောင်ခြည်ဒဏ်ကြောင့် ဖြစ်တတ်တဲ့ အရေပြားရောင်ရမ်းခြင်းမှ ကာကွယ်ပေးနိုင်တဲ့အပြင် အသားအရေကို အစိုဓာတ် ထိန်းပေးပါတယ်။ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်မှုကိုလည်း နှောင့်နှေးစေပါတယ်။

**(၂) စိတ်ဖိစီးမှုကို လျှော့ချပါ။**

စိတ်ဖိစီးမှုတွေ၊ စိုးရိမ်ပူပန်မှုတွေဟာ စိတ်ကို မကျန်းမာစေတဲ့အပြင် အသားအရေကိုလည်း ထိခိုက်စေနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခန္ဓာကိုယ်က စိတ်ဖိစီးနေတဲ့အခါမှာ အဆီတွေဖြစ်စေတဲ့ စိတ်ဖိစီးမှုဟော်မုန်းကို ထုတ်လွှတ်တာကြောင့် ဖြစ်ပါတယ်။ ရလဒ်အနေနဲ့ မျက်နှာနဲ့ ခန္ဓာကိုယ်အနှံ့မှာ ဝက်ခြံတွေကို ဖြစ်စေပြီး အဆီပြန်တဲ့အသားအရေနဲ့ နီမြန်းတဲ့ အဖုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် စိတ်ကို ကြည်လင်အောင်ထားဖို့ လိုအပ်တာကြောင့် လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ တရားထိုင်ခြင်း၊ အသက်ရှုလေ့ကျင့်ခန်းစတာတွေကို ပြုလုပ်ပေးခြင်းအားဖြင့် စိတ်ဖိစီးမှုကို ပြေလျော့အောင် ပြုလုပ်နိုင်ပါတယ်။ အရေးကြီးဆုံးကတော့ လုံလောက်အောင် အနားယူဖို့ လိုအပ်ပါတယ်။

**(၃) အိပ်ရေးဝအောင် အိပ်ပါ။ တစ်ရေးတစ်မောအိပ်ဖို့ အချိန်ရှာပါ။**

တကယ်လို့ သင်ဟာ အိပ်ရေးမဝတဲ့ သူတစ်ယောက်ဆိုရင် တစ်ရေးတစ်မော အိပ်စက်ခြင်းဟာ အသားအရေကို ပြန်လည်ကောင်းမွန်စေရန်အတွက် ဖြတ်လမ်းတစ်ခုဖြစ်ပါတယ်။ နေ့လယ်နေ့ခင်းမှာ မိနစ် ၂၀ ခန့် တစ်ရေးတစ်မောအိပ်လိုက်ရုံနဲ့ ခန္ဓာကိုယ်ဟာ ဆဲလ်ဟောင်းတွေကို အစားထိုးရန်အတွက် ရေပြားဆဲလ်အသစ်များ ဖန်တီးဖို့ လုံလောက်တဲ့အချိန်ဖြစ်ပြီး အသားအရေကို ပိုပြီး တင်းရင်းတောက်ပလာစေမှာပါ။ ဒါ့အပြင် မျက်တွင်းချိုင့်ခြင်း၊ မျက်ကွင်းညိုခြင်းနဲ့ အမည်းစက်တွေကိုလည်း သက်သာစေပါတယ်။

**(၄) ဒိန်ချဉ်ကို နေ့စဉ် ပုံမှန် သောက်သုံးပေးပါ။**

ဒိန်ချဉ်ဟာ ကျန်းမာရေးအတွက် အလွန်ကောင်းမွန်တဲ့ အစားအစာတစ်ခုဖြစ်တဲ့အပြင် အသားအရေကိုလည်း လှပစေပါတယ်။ ဒိန်ချဉ်အပြင် ဆီးသီးအနှစ်ကို အိပ်ရာမဝင်ခင်မှာ သောက်သုံးပေးခြင်းအားဖြင့် ကိုယ်တွင်းက အပူအပုပ်တွေနဲ့ အညစ်အကြေးတွေကို ဝမ်းကနေတစ်ဆင့် ဖယ်ရှားပေးပြီးတော့ ဝမ်းလည်း မှန်စေပါတယ်။ ဒါ့မှသာ အသားအရေကို လည်း ကြည်လင်လန်းဆန်းစေမှာ ဖြစ်ပါတယ်။

**(၅) လေ့ကျင့်ခန်း ပုံမှန် ပြုလုပ်ပေးပါ။**

လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းက ကျန်းမာရေးလည်း ကောင်းမွန်စေတဲ့အပြင် အသားအရေလှပပြီး အရွယ်တင်နုပျိုစေပါတယ်။

လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးခြင်းအားဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်စေတဲ့အပြင် ကိုယ်တွင်းရှိ အောက်ဆီဂျင်ကိုလည်း ကောင်းမွန်စွာ လည်ပတ်စေနိုင်တာကြောင့် အသားအရေ ကောင်းမွန်လှပစေပါတယ်။ အားကစားခန်းမတွေမှာသွားပြီး လေ့ကျင့်ခန်းတွေ မလုပ်နိုင်ရင်တောင်မှ ပြေးခြင်း၊ လမ်းလျှောက်ခြင်းကို နေ့စဉ် ၄၅ မိနစ်ခန့် ပုံမှန်ပြုလုပ်ပေးနိုင်ပါတယ်။

**Daisy**



## ဆားဝက်ခြံဖြစ်စေတဲ့ အဆီနဲ့ အညစ်အကြေးတွေကို ဖယ်ရှားနည်းများ

ဆားဝက်ခြံဆိုတာ ဝက်ခြံလိုမျိုး မျက်နှာအသားအရေပေါ်မှာ အဖုလိုမျိုး ဆူထွက်လာတာမျိုးမဟုတ်ဘဲ အသားအရေရဲ့ ချွေးပေါက်ကြားထဲမှာ အညစ်အကြေးတွေနဲ့ အဆီတွေ စုပြီး အဆီခဲပုံစံမျိုး အညို၊ အမည်း အစ်လေးတွေ မျက်နှာပေါ်မှာ ထွက်ပေါ်လာတာမျိုးဖြစ်ပါတယ်။ ဆားဝက်ခြံဆိုတာက စိတ်ရှုပ်စရာကောင်းပေမယ့် ဝက်ခြံလောက်ကြီးလည်း ကြောက်စရာမကောင်းပါဘူး။ ဝက်ခြံလို အပေါ်က ထားတဲ့အရေပြားလွှာမရှိလို့ ညှစ်ထုတ်စရာမလိုပါဘူး။ ချွေးပေါက်ထဲမှာ အဆီနဲ့ အညစ်အကြေးတွေစုနေတာကို ဖယ်ရှားပေးဖို့ပဲ လိုပါတယ်။ ဘယ်လိုနည်းလမ်းတွေနဲ့ ဖယ်ရှားရမလဲဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

**(၁) ချေး(ကြေး)ချွတ်ပေးပါ။**

ဆားဝက်ခြံ ဖယ်ရှားဖို့အတွက်ဆိုရင်တော့ မျက်နှာကို ပုံမှန်ချေး(ကြေး)ချွတ်ပေးဖို့ လိုအပ်ပါတယ်။ ချေး(ကြေး)ချွတ်ပေးခြင်းက အရေပြားပေါ်က ချွေးပေါက်တွေထဲမှာ စုပုံနေတဲ့ ဆဲလ်သေတွေကို ဖယ်ရှားပေးတာကြောင့် အသားရေကို ကျန်းမာစေပြီး အသားအရေ ကြည်လင်လှပစေပါတယ်။ မျက်နှာချေး(ကြေး)ချွတ်ဖို့အတွက်ဆိုရင်တော့ အရည်အသွေးကောင်းတဲ့ မျက်နှာချေး (ကြေး)ချွတ်ခရင်မ်တွေကို ရွေးချယ်အသုံးပြုဖို့ အကြံပြုပါတယ်။ ချေး(ကြေး)ချွတ်ပြီးပြီဆိုရင်တော့ အစိုဓာတ်ဖြည့်ပေးနိုင်တဲ့ (Moisturizer cream) ကို လိမ်းပေးဖို့လည်း အရေးကြီးပါတယ်။

**(၂) အစိုဓာတ်ဖြည့်ပေးပါ။**

ဆားဝက်ခြံတွေ မဖြစ်ဖို့အတွက် ကာကွယ်ချင်တယ်ဆိုရင်တော့ မျက်နှာအသားအရေကို အစိုဓာတ်ဖြည့်ပေးဖို့ အရေးကြီးပါတယ်။ အစိုဓာတ်ဖြည့်တင်းပေးခြင်းအားဖြင့် ချွေးပေါက်ကျယ်စေခြင်းကို ကာကွယ်ပေးတဲ့အတွက် ချွေးပေါက်အတွင်း အဆီနဲ့အညစ်အကြေးတွေ ဝင်တာကို သက်သာစေပါတယ်။

**(၃) ချွေးပေါက်ကျဉ်းအောင် လုပ်ပါ။**

နောက်တစ်ဆင့်အနေနဲ့ မျက်နှာပေါ်က ချွေးပေါက်တွေကို ကောင်းကောင်းသန့်စင်ပြီးပြီဆိုရင် အညစ်အကြေးတွေနဲ့ အဆီတွေ ထပ်မဝင်အောင် ကျယ်နေတဲ့ ချွေးပေါက်တွေကို ပြန်ကျဉ်းပေးဖို့ လိုအပ်ပါတယ်။ ချွေးပေါက်တွေ သန့်စင်ပြီးပြီဆိုရင်တော့ ချွေးပေါက်ကျဉ်းအောင် တိုနာလိမ်းပေးဖို့ လိုအပ်ပါတယ်။

**(၄) Mask ပုံမှန်ကပ်ပေးပါ။**

ဆားဝက်ခြံတွေအတွက် အကောင်းဆုံး မက်စ်ကတော့ ကျောက်မီးသွေး(သို့မဟုတ်) ရွှံ့စေးကနေပြုလုပ်ထားတဲ့ Mask ပါပဲ။ အဲ့ဒီ Mask တွေဟာ ချွေးပေါက်ထဲက အညစ်အကြေးနဲ့အဆီတွေကို အကောင်းဆုံးဖယ်ရှားနိုင်ဖို့ တစ်ပတ်ကို တစ်ကြိမ်လောက် ပုံမှန် ပြုလုပ်ပေးဖို့ လိုအပ်ပါတယ်။ **Daisy**



## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**မိုင်းပန် ဇူလိုင် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် အတွင်းရှိ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်အတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်း ဖွင့်ပွဲ အခမ်းအနားကို နမ့်တိန်းကျေးရွာအုပ်စု၊ ကုန်းကတ်ကျေးရွာ ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် လင်းခေးခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးအောင်မှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းတို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနား ရုပ်သိမ်းလိုက်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းကို ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စတင်၍ ဇူလိုင် ၃၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးထံမှ သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ပတ်စရာ၊ မှတ်စရာ စုံလင် ယနေ့နေလေး

## တင့်လှပေဟန်

* ခြေတစ်လှမ်း
ကုဋေတစ်သန်းနှင့်
ကြွလှမ်း ရှုမြင်
ကမ္ဘာတစ်ခွင်မှာ
မြန်မာအမျိုးသမီးများရဲ့
ယဉ်ကျေးမှု အသွင် ။

* ဝံ့ကြွားဂုဏ်အင်
ဆင်ယင်ကျော့ရှင်း
ယမင်းသူဇာ
ကေသာဆံထုံး
နတ်ပန်းချီ ရှုံးမယ်
တင့်တယ်ခြယ်သ
မြန်မာ အမျိုးသမီးများ အလှ ။

* လှနတ်ခမ်းအောက်
မဲ့ပြောက်တစ်စက်
တသက်တာတိုင်
ကြင်ပိုင်ကျော့မှူးငယ်တစ်ပါး
မြန်မာ အမျိုးသမီးများ ။

* ရိုးရိုးယဉ်ယဉ်
ဆင်ယင်ဝတ်စား
သနပ်ခါးမျက်နှာလေးဖြင့်
ရွှေရေးလုလု
ရတုဟန်ချီ
ဘယ်ပန်းချီ ရေးလို့မမီတယ်
စိန်စီခြယ်သ
မြန်မာ အမျိုးသမီးများ အလှ ။ ။

**(မြန်မာအမျိုးသမီးများနေ့သို့)**

မောင်ပေဦး(မန္တလေး)

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်



**ညောင်ဦး ဇူလိုင် ၂**

ညောင်ဦးမြို့နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အတွက် ကမ္ဘားနီကျေးရွာအုပ်စု ရေတွင်းညောင်ပင်ကျေးရွာ၊ ညောင်ကြီးကျေးရွာ၊ နတ်ကြို့အိုင်ကျေးရွာနှင့် မင်းနန်းသူကျေးရွာများသို့ ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်သူဇာစိုးနှင့် ဝန်ထမ်းများသည် ကမ္ဘားနီအုပ်စု ရေတွင်းညောင်ပင်ကျေးရွာ၊ ညောင်ကြီးကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက်များ သတ်မှတ်အချိန်အတိုင်း ဖွင့်လှစ်ရေး၊ ကျေးရွာသူ၊ ကျေးရွာသားများ စာဖတ်နိုင်ရေး၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွေးနွေးခဲ့သည်။

အလားတူ ဒုတိယဦးစီးမှူး ဒေါ်ဇင်ယုခိုင်နှင့်ဝန်ထမ်းများသည် နတ်ကြို့အိုင်ကျေးရွာရှိ မိလိန္ဒ စာကြည့်တိုက်နှင့် မင်းနန်းသူကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးပြီး စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မင်းနန်းသူကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောဆွေးနွေးခဲ့ပြီး အသိပညာပေးနံရံကပ်စာစောင်များပြသခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၄၈၁)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။







## မိုးနေကြာ ၁၄၆၃၅ ဧက လျာထားစိုက်ပျိုး

**မကွေး ဇူလိုင် ၂**

အညာဒေသရှိ တောင်သူများသည် ဆီထွက်သီးနှံနေကြာကို မိုးရာသီနှင့် ဆောင်းရာသီ သီးနှံအဖြစ် ယာမြေနှင့်ကိုင်းမြေများ၌ အဓိကစိုက်ပျိုးကြကြောင်း မကွေးတိုင်းဒေသကြီးမှ မြို့နယ်အချို့က တောင်သူများထံက သိရသည်။

"နေကြာကတော့ ဆီထွက်သီးနှံလည်းဖြစ် စားသုံးဆီအတွက် နေကြာကို သီးခြားစိုက်ကြတယ်။ ဆောင်းသီးနှံရာသီမှာ သီးညှပ်စိုက်တယ်။ ကိုင်းမြေတွေ သီးညှပ်ကို ပဲမာတွေနဲ့ ရောစိုက်ကြပြီး သီးခြားစိုက်ရင် နေကြာတစ်ခုထဲကပဲ ရတာပါ။ သီးညှပ်ကတော့ နေကြာကလည်းရရှိပြီး သီးညှပ်သီးနှံကလည်း ရရှိတယ်။ သီးနှံနှစ်မျိုးကနေ ဝင်ငွေရကြတယ်" ဟု မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်မှ တောင်သူအမျိုးသားတစ်ဦးက ပြောသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနေကြာ ၁၄၆၃၅ ဧက လျာထားစိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

**(အပေါ်ပုံ)(၄၇၂)**

## သတင်းပဒေသာ

### မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် တောင်သူများ မိုးရာသီစိုက်ပျိုးထုတ်လုပ်လုပ်မှု အဆင်ပြေစေရန် အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာ အုပ်စု(၅၂)အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေး လျက်ရှိရာ ဇူလိုင် ၁ရက် နံနက် ၉နာရီက တောမကျေးရွာအုပ်စုမှ တောင်သူ ၁၆၂ဦးတို့၏ မိုးစပါးစိုက်ဧက ၄၅၇ဧကအတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

— — — — — — — —

### အမျိုးသမီးများဆယ်အိမ်စုမှူးသင်တန်း ဖွင့်လှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်၊ အောင်သံလွင်ကျေးရွာတွင် အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မိခင်နှင့်ကလေးများဘဝ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာ ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အမျိုးသမီးများ ဆယ်အိမ်စုမှူးသင်တန်းကို ယမန်နေ့က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

— — — — — — — —

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ ညနေ ၃နာရီခွဲက စာရေး ဆရာ ဇန်းမော်တင်အောင် ရေးသားသည့် 'အညတြ' စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

— — — — — — — —

### စာအုပ်စာစောင်များ အခမဲ့ငှားရမ်းခြင်း ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့၊ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက် နံနက်(၁၀)နာရီက မိုင်းစံမြို့ အခြေခံပညာအထက် တန်းကျောင်းသို့ သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

— — — — — — — —

### အသိပညာပေးဟောပြောပွဲ ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ နယ်စပ် ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အသိပညာ ပေးဟောပြောပွဲအား ယမန်နေ့နံနက် ၉ နာရီက အဆိုပါသင်တန်း ကျောင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

— — — — — — — —

### အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် ဝန်ထမ်းပေါင်းစုံနှင့်ပညာရေး(GEC), ငွေစု၊ ငွေချေးသမဝါယမ အသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း၊ ခရေ ဆောင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

— — — — — — — —

### မိဘဆရာအသင်းနှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့ နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက အခြေခံပညာ အထက်တန်းကျောင်း(မောက်မယ်) နှင်းဆီဆောင်ခန်းမတွင် ကျင်းပရာ မြို့နယ်ပညာရေးဌာနမှဝန်ထမ်းများ၊ ဆရာ၊ ဆရာမ များနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေစက်သွန်းချ၊ အလှူတော်မင်္ဂလာ ကျင်းပ

**မန္တလေး ဇူလိုင် ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့ နယ်၊ နှစ်တစ်ရာကျော်သက်တမ်း ရှိ မိုးကောင်းတိုက်၊ အလယ်ရွှေ ကျောင်းတိုက်တော်ကြီး ပြန်လည် ပြုပြင်ခြင်းပြီးစီး၍ ရေစက်သွန်းချ အလှူတော်မင်္ဂလာကို ဇူလိုင် ၁ရက် နံနက် ၉ နာရီက အဆိုပါကျောင်း တော်ကြီးတွင် ကျင်းပခဲ့သည်။

အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး မန္တလေးမြို့၊ သုရဇ္ဈတေး ဂီတအဖွဲ့မှ ထူးမခြားနားသီချင်း ကြီးဖြင့် သီဆိုပူဇော်သည်။

ထို့နောက် မဟာသုန္ဒရာ ရာမ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအာဝုဓထံမှ တက်ရောက်လာသူအပေါင်းမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ကျောင်းဒါယကာကြီး ဦးယွန်း+ ကျောင်းဒါယိကာမကြီး ဒေါ်မိန်း ကလေးတို့၏ သား၊ သမီး၊ မြေး၊ မြစ်မိသားစု၊ ဦးဝင်းနိုင်+ ဒေါ်တင် တင်လှိုင် (SWEET FAMILY) အိမ်ခြံမြေရောင်းဝယ်ရေး မိသားစု)၊ နဝကမ္မဝတ္ထုပစ္စည်း များဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်မြို့၊ မဟာသုန္ဒရာ ရာမအန္တရဂုဏ်ရည် ကျောင်းဒေါက်တာဝိလာသမွှမှ လှူဒါန်းသူအစုစုအတွက် အနုမော ဒနာရေစက်ချတရား ချီးမြှင့်တော် မူကာ မိုးကောင်းတိုက်စာသင်စာချ ဆရာတော်၊ စာသင်သား သံဃာ တော်၊ သီလရှင်သာမဏေများ အား ဆွမ်းဆက်ကပ်ခြင်း၊ ကြွ ရောက်လာသူအပေါင်းအား နံနက် စာဖြင့် ဧည့်ခံကျွေးမွေးခြင်းနှင့် အတူ မန္တလေးမြို့ သုရဇ္ဈတေးဂီတ အဖွဲ့မှ တေးသံရှင်များမှ တေးသီချင်း များဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

နှစ်တစ်ရာကျော် သက်တမ်း ရှိ အလယ်ရွှေကျောင်းတော်ကြီး ပြန်လည်ပြုပြင်မှုသည် ၅ ကြိမ် မြောက်ပြုပြင်ခြင်းဖြစ်ပြီး ငွေကျပ် သိန်း ၁၆၅၀ ကျော် ကုန်ကျမှု ရှိခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၇၀)**






## ရာသက်ပန်ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း

**မန္တလေး ဇူလိုင် ၂**

နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)သို့ ရာ သက်ပန်ဆွမ်းပဒေသာပင်စိုက်ထူ လှူဒါန်းခြင်းနှင့်နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်း အလှူတော်မင်္ဂလာကို ယမန်နေ့က အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် မန္တလေး မြို့နေ ဆရာမကြီးဒေါ်ဆွေဆွေ ထွန်း ၈၁နှစ်ပြည့် မွေးနေ့အထိမ်း အမှတ်အား အမှူးထား၍ သား၊ သမီး၊ မြေး၊ မြစ်တစ်စုတို့က နိုင်ငံ တော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ကြီး အမှူး ပြုသော သင်ကြား၊ စီမံဆရာတော် ကြီးများ၊ စာချ၊ စာသင်ရဟန်း သံဃာတော်များအား ဆွမ်းစား ဆောင်၌ နေ့ဆွမ်းဆက်ကပ်လှူ ဒါန်းကြသည်။

ဆက်လက်၍ အလှူရှင် မိသားစုက ယခင်လှူဒါန်းပြီး ဆွမ်း ပဒေသာပင် အလှူငွေကျပ်သိန်း ၂၀၀ အပါအဝင် ယခု ဒုတိယ အကြိမ်မြောက် ထပ်မံလှူဒါန်းသည့် ဆွမ်းပဒေသာပင်အလှူငွေကျပ် သိန်း ၁၀၀ စုစုပေါင်းဆွမ်းပဒေ သာပင် အလှူငွေကျပ်သိန်း ၃၀၀ တိတိအား ဒုတိယပါမောက္ခချုပ် (စီမံ)အဂ္ဂမဟာပဏ္ဍိတဒေါက်တာ ဘဒ္ဒန္တပဒုမသာရ ဆရာတော်ကြီး ထံ ဆက်ကပ်လှူဒါန်းရာ ဆရာ တော်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချတရား ဟောကြားတော်မူကြောင်း သိရ သည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၁)**

## ဝါဆိုသင်္ကန်းနှင့် ဆားများ လှူဒါန်းကုသိုလ်ပြု

**မန္တလေး ဇူလိုင် ၂**

မန္တလေး၊ တောင်စလင်းတိုက် သစ်ဆရာတော် နယ်စပ်တောင် တန်းနှင့် ကမ်းရိုးတန်းဒေသ၊ ဗုဒ္ဓ ဘာသာသာသနာပြန့်ပွားရေး ပဓာနနာယကဆရာတော် ဘဒ္ဒန္တ တိက္ခ၊ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် အသင်းရုံးသို့ ဝါဆိုသင်္ကန်းတစ်စုံ သုံးသောင်း ကျပ်၊ ဆားတစ်အိတ် တစ်သောင်း ကျပ်ဖြင့် လှူဒါန်းကုသိုလ်ပြုလျက် ရှိပါသည်။ မန္တလေး၊ အောင်မြေ သာစံမြို့နယ်၊ မန္တလေးတောင် ဘိုးဘွားရိပ်သာနေ အလှူရှင် ဦးစိုး မြင့်၊ ဒေါ်တင်ဆွေဝင်း၊ ဒေါ်ခင်လှ သိန်း မိသားစုတို့က စုပေါင်း၍ ဝါဆိုသင်္ကန်းသုံးစုံ၊ ဆားနှစ်အိတ် တန်ဖိုးငွေ ကျပ်တစ်သိန်းတစ် သောင်းတိတိကို ယမန်နေ့က လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းကိုယ် စား ဒေါ်နွယ်နီက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြု မှတ်တမ်းလွှာကို ပြန်လည်ပေးအပ် သည်။

အလားတူ မန္တလေး၊ ပုသိမ် ကြီးမြို့နယ်နေ အလှူရှင် ဒေါ်ခင် မာဆွေက သင်္ကန်းနှစ်စုံ၊ မန္တလေး မြို့နေ အလှူရှင်(ဦးစိုးခိုင်)+ဒေါ်ခင် မြိုင်က သင်္ကန်းတစ်စုံ၊ မန္တလေး မြို့၊ နန်းတော်ရှေ့နေ အလှူရှင် ဒေါ်ခင်မေစီ၊ ဒေါ်သန်းသန်းမြင့် မိသားစုက သင်္ကန်းနှစ်စုံ၊ မန္တလေး မြို့နေ အလှူရှင် ဦးခင်မောင်ရွှေ တိုင်းမြေစာရင်းဦးစီးမှူး(ငြိမ်း)+ ဒေါ်မေမြင့် (သမီး)ဒေါက်တာ မိဆုဝေဖူး၊ ဒေါက်တာမိဆုလှိုင် လှိုင်သီ မိသားစုက သင်္ကန်းတစ်စုံ၊ ဒေါ်မြင့်မြင့်သိန်း မန္တလေး၊ ရဲမွန် တောင်နေ မိသားစုက သင်္ကန်း ဆယ်စုံ၊ မန္တလေး၊ ရဲမွန်တောင် ရပ်နေ အလှူရှင် ဒေါ်နန်းခင်သူရိန် ထွန်းမိသားစုက သင်္ကန်းလေးစုံ အသီးသီးလှူဒါန်းကြကြောင်း သိရ သည်။ **(အပေါ်ပုံ)(ကဆ)**




## ပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ မဟာဝိဇယကျောင်းတိုက် ၌ ကျင်းပသော စတုတ္ထအကြိမ် နေ့၊ ညအသံမစဲ မဟာပဋ္ဌာန်းရွတ် ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲ ကို ဇွန် ၂၈ ရက် နံနက် ၉ နာရီ က ကျင်းပရာ မဟာပဋ္ဌာန်းပူဇော် ပွဲ ဩဝါဒါစရိယ မဟာဝိဇယ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိစာရနှင့် ဘာဏကသံဃာတော် ၂၂ ပါးတို့ ကြွရောက်ချီးမြှင့်သည်။

အစီအစဉ်အရ ဧည့်ပရိသတ် တို့က မဟာဝိဇယဆရာတော် ထံမှ သီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်ပူဇော်သော ပရိတ်တရား တော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ယောဂီဒေါ်ခင် စန်းလွင်က အနုမောဒနာဂါထာ ရွတ်ဖတ်ပူဇော်ပြီး မဟာဝိဇယ ဂေါပကအဖွဲ့နှင့် အလှူရှင်မိသားစု များက ပင့်သံဃာတော် ၂၂ ပါး တို့အား တစ်ပါးလျှင် နဝကမ္မငွေ ကျပ် ငါးသောင်းစီနှင့်သင်္ကန်းဒို စုံတစ်စုံစီ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မဟာဝိဇယ ဆရာတော်ကြီးမှ လှူဒါန်းမှုအစုစု တို့အတွက် ရေစက်ချတရားဟော ကြားချီးမြှင့်ပြီး ယောဂီဒေါ်လှိုင် လှိုင်သိန်းက ပဋ္ဌာန်းတရားနာကြား ရန် ပင့်ဖိတ်ထားသော နတ်၊ ဗြဟ္မာ များ ပြန်ပို့မည့် ဂါထာရွတ်ဖတ် ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါ မဟာပဋ္ဌာန်းသိမ်းအောင် ပွဲနေ့တွင် ဘုရားအစ်မကြီးဒေါ်စန်း စန်းမြင့် မိသားစုတို့က အရုဏ် ဆွမ်း၊ နေ့ဆွမ်းကပ်လှူကြောင်း သိရသည်။ **(ဝဲပုံ)**

**(၀၅၁)**



# စိန်ရတုအလွန် ကြည်နူးဖွယ်ရာ ကုသိုလ်ပွဲလေးမှာ

ခင်ဆွေလှိုင်(ပန်းချီ)



တပေါင်းလဆန်း ၃ ရက် အင်္ဂါနေ့သည် ကုသိုလ်ထူးလှစွာ ၁-မွေးလ၊ ၂-မွေးရက်၊ ၃-မွေးနေ့မင်္ဂလာ သုံးရပ်နှင့် တိုက်ဆိုင်လာသဖြင့် သားငယ် ဦးကျော်ခင်ကိုက "အမေနေ့"မှာ အမေ့ကို သတိတရနှင့် အမေလှူချင်တာလှူဖို့ k pay ဖြင့် ကန်တော့ငွေ ပို့ပေးခဲ့သည်။ ကျွန်မက သားငယ်မိသားစု ကုသိုလ်ရစေရန် ကျွန်မဆန္ဒရှိသည့် စာပေတင်းကုပ်ဝိုင်းတော်သူ/သားများအား စိန်ရတုအလွန် အကြိုမွေးနေ့မှာ မုန့်ဆမ်း၊ ဆနွင်းမကင်း၊ အုန်းသာကူ၊ ကျောက်ကျော၊ လက်ဖက်ရည်၊ အကြော်စုံ၊ အသုပ်စုံတို့ဖြင့် အာဟာရဒါနပြုပြီး ဆေးနှင့် စာအုပ်တစ်အုပ်စီ အမှတ်တရလက်ဆောင်ပေးချင်ကြောင်း ဆရာအောင်တင်ဝင်း (ငါ့သရောက်) ထံ အွန်လိုင်းမှ မပို့တတ်သဖြင့် မြို့မစာကြည့်တိုက် အတွင်းရေးမှူးဆရာ ဖိုးလှိုင်လေးကို အကူအညီတောင်းကာ ပေးပို့ခဲ့သည်။ ဆရာအောင်တင်ဝင်း (ငါ့သရောက်)က အွန်လိုင်းမှတစ်ဆင့် "ဗျို့ဟစ်ကာ"ဖိတ်ကြားပေးသဖြင့် စည်စည်ကားကား ကျင်းပနိုင်ခဲ့သည်။

"နေလို့လည်း ဝ-သေလို့လည်း ရပေမယ့်" လက်ကျန်အချိန်လေးကို တန်ဖိုးရှိစွာ အသုံးချခွင့်ရသဖြင့် ခင်မင်စွာ မွေးနေ့ပွဲကြွရောက်ချီးမြှင့်ကြသူ စာပေဝိုင်းတော်သူ/သားအားလုံးကို လေးစားချစ်ခင် အထူးပင်ကျေးဇူးတင်ပါသည်။ ဖိတ်စာတွင် "မွေးနေ့မင်္ဂလာ"ဟု မသုံးပါ။ "စိန်ရတုအလွန် မွေးနေ့ကုသိုလ်ပွဲ"ဟုသာ သုံးပါသည်။ မည်သည့်မျှော်လင့်ချက်မှ မပါဝင်ဘဲ စေတနာသက်သက် ကိုယ့်လုပ်အားဖြင့် ပြုလုပ်သည့်မုန့်များကို စာချစ်သူများအား ကျွေးချင်၊ ကိုယ်ရေးသားသည့် စာကဗျာပါရှိတဲ့ စာအုပ်ကလေးတွေ လက်ဆောင်ပေးချင်တဲ့ မေတ္တာတရားရှေ့ဆောင်ကာ ကြည်ကြည်နူးနူးကုသိုလ်ပြုလိုခြင်းသာဖြစ်သည်။

မင်္ဂလာသုံးရပ်တိုက်ဆိုင်သည်သာမက ကျွန်မတို့လေးစားချစ်ကြည်ညိုရသော ရဟန်းစာဆို ဆရာတော်တက္ကသိုလ်တေဇာလင်းအား အနန္တော အနန္တငါးပါး ဦးထိပ်ထားကာ စွမ်းနိုင်သမျှ လှူဖွယ်ဝတ္ထုလေးတွေနဲ့ ကာလဒါနအာဟာရများ လှူဒါန်းဆက်ကပ်ခွင့်ရသဖြင့် မင်္ဂလာလေးပါးနှင့် ပြည့်စုံသွားကာ စာပေချစ်သူများနှင့်အတူ အလွန်အင်မတန်ကြည်နူးပျော်ရွှင်စရာမွေးနေ့ ကုသိုလ်ပွဲလေးဖြစ်တည်သွားခဲ့သည်။ ကျွန်မ၏ နှစ်ဖက် မိဘအဘိုးအဘွားအားလုံး နန်းရှေ့သူ၊ နန်းရှေ့သားများဖြစ်ကြသည်။ နန်းရှေ့တွင် သင်္ကန်းအလုပ်ရုံကြီးဆောက်လုပ်၍ နန်းဦးလွင်၊ သရက်ကုန်း၊ နန်းရှေ့တစ်ခွင် ဒေါနဘွား၊ ဒွါလောင်း၊ အနိုင်တော်ရပ်ကွက်များမှ ကြီးငယ်ရွယ်လတ် သင်္ကန်းလာချုပ်သူများနှင့် စင်းဂါးစက် အလုံး ၅၀ ခန့်နှင့် သင်္ကန်းချုပ်လုပ်ငန်းဖြင့် ပျော်ရွှင်ကြည်နူးစရာ အလုပ်ရှင်၊ အလုပ်သမားမခွဲခြားဘဲ စားအတူ၊ သွားအတူ မိသားစုပမာ ချစ်ခင်စည်းလုံးစွာ သင်္ကန်းတွေ လာချုပ်ပေးကြသည်။ ကျွန်မအမေက နန်းရှေ့သူ ပီပီ နန်းတော်ရှေ့ "ဘိုးကျော့"က လက်ဖက်ရည်ဆိုင်မှ နို့မလိုင်မွှေးမွှေးနှင့် လက်ဖက်ရည်ကို တစ်နေ့သုံးကြိမ် အသည်းစွဲ သောက်လေ့ရှိသည်မို့ အမေ့အကြိုက်လက်ဖက်ရည်၊ မုန့်ဆမ်း၊ ဆနွင်းမကင်းတို့ကို ကိုယ်တိုင်လုပ်၍ ကုသိုလ်ပြုခဲ့ရတာ ကျေနပ်ကြည်နူးမိပါသည်။

ကျွန်မအဖေကတော့ ဗမာဘယာကြော်ကို ကြက်သွန်ဖြူ၊ ရေနွေးကြမ်းတို့ဖြင့် စားသုံးလေ့ရှိသည်။ အဖေက မြန်မာ့တိုင်းရင်းဆေးပညာကို ယုံကြည်ချစ်မြတ်နိုးစွာ အစာလည်း ဆေး၊ ဆေးလည်း အစာဆိုသလို အာဟာရမျှတစွာ စားလေ့ရှိသည်။

မန္တလေးတက္ကသိုလ် အင်း၀(၉)ခန်းမတွင် မြန်မာ့ဆေးပညာ ဗုဒ္ဓနည်းကျ သြဠာရိက သုခုမ ဆေးပညာရှင်များ ဦးဆောင်ဖွင့်လှစ်သင်ကြားပေးသည့် တိုင်းရင်းဆေးပညာကို ထဲထဲဝင်ဝင် လေ့လာသင်ယူကာ ဆက်လက်အသုံးချ၍ လေ့လာသူ ဖြစ်သည်။ အဖေက သူ့ချစ်သမီး ကျွန်မကို လူထုဒေါ်အမာလို ပြည်သူ့အကျိုးပြု သတင်းစာ ဆရာဒါမှမဟုတ် ဂျာနယ်ကျော်မမလေးလို တိုင်းရင်းဆေးဆရာဖြစ်စေချင်ကြောင်း မကြာခဏပြောပြီး မြန်မာ့ဆေးကျမ်းများနှင့် ဂျာနယ်ကျော်မမလေး၏ ဆေးစာအုပ်များဝယ်ပေးကာ လေ့လာစေသည်။ ကျွန်မကတော့ ဂျာနယ်ကျော်မမလေး၏ ဆေးကျမ်းတွေမှာ ဉာဏ်မမီခဲ့။ ဆရာမကြီး၏ "သူလိုလူ၊ သူမမုန်း၍မဟူ၊ ရင်နှင့်အောင် မွေး"စသည့် ဂန္ထဝင်ရသဝတ္ထုတွေထဲမှာ ထမင်းမေ့၊ ဟင်းမေ့ ကြည်ကြည်နူးနူးစီးမျောရင်း ရသစာစုံရေးချင်လာတော့သည်။ အဖေက သူ့ချစ်သမီး ကျွန်မကို တိုင်းရင်းဆေးပညာရှင်တစ်ဦးဖြစ်စေချင်သည့် ချစ်ဖခင်၏ ဆန္ဒကို ဉာဏ်မမီ၍ ဖြည့်စွမ်းမပေးနိုင်သည့် အကြွေးကို ပုသိမ်ကြီး "စိုးစံ" ဆေးဆိုင်မှ တိုင်းရင်းဆေးအမျိုးမျိုးနှင့် မဇ္ဈိမဆရာမကြီး ဒေါ်ထူးထူး၏ "ရင်တွင်းသုခ" ဆေးဘူး ၃၀၀ ကျော် ဝယ်ယူကာ ရဟန်းရှင်လူ၊ သက်ကြီးဝါကြီး စာရေးဆရာများ၊ သီလရှင်များကို အခွင့်သင့်တိုင်း ပေးလှူကုသိုလ်ပြုခဲ့သည်မို့ ကျွန်မမွေးနေ့မှာ ဆေးကုသိုလ်ဒါန၊ စာပေဒါနပြုခဲ့သည်။ အဖေက နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်အသင်းကြီး၏ အတွင်းရေးမှူးနှင့် ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သူ၊ စာပေချစ်မြတ်နိုးသူမို့ အဖေ့အတွက် ရည်စူးကုသိုလ်စာအုပ်နှင့် မြန်မာ့တိုင်းရင်းဆေးများ ပေးလှူဖြစ်ခဲ့သည်။

အဖေက အမေ့အရင် ကွယ်လွန်ခဲ့ရာ အဖေ့အတွက် ရည်စူးကုသိုလ်အဖြစ် စလေမြို့ရှိ အနော်ရထာမင်းကြီး၏ ကုသိုလ်တော်ရှေးဟောင်းဘုရား "ပြာသာဒ်လှစေတီတော်" ရွှေထီးတော်အသစ်တင်လှူပွဲတွင် ခင်ပွန်းသည်က စေတီပစ္စယံတွင် တက်ရောက်ကာ အရံစေတီတစ်ဆူ ရွှေထီးတော်အသစ်တင်လှူရာတွင် ကျွန်မက အင်မတန်ကံကောင်းလှစွာ ပန်းရထားကြိုးကိုယ်တိုင်ဆွဲတင် ဆက်ကပ်လှူဒါန်းခွင့်ရရှိသဖြင့် တသသ အမှတ်ရ ကုသိုလ်ပွားများ အမျှဝေခွင့်ရရှိခဲ့သည်။ သထုံပြည်မှ ပိဋကတ်သုံးပုံ ပင့်ဆောင်လာသည့် ပြာသာဒ်တော် ခေတ္တချနားရာ အရပ်တွင် "ပြာသာဒ်လှ ဘုရား"၊ ဆင်တပ်ကြီး ရပ်နားရာ နေရာတွင် "ဆင်ခေါင်းဘုရား"၊ မြင်းတပ်ကြီးရပ်နားရာနေရာတွင် "မြင်းခုန်တိုင်ဘုရား"၊ ပိဋကတ်သုံးပုံကို ရှင်ဘုရင်ကိုယ်တိုင် ကြွချီကြိုဆိုရာနေရာတွင် "ရှင်ဘုရင်စာကြိုဘုရား" စသည့် အနော်ရထာမင်းကြီးကောင်းမှုတော်ဘုရားများ ဖူးတွေ့နိုင်သဖြင့် စလေမြို့လေးကို ဒုတိယပုဂံဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။

စေတီပတ်လည်တန်ဆောင်းအသစ်များ ဆောက်လုပ်ရာတွင်လည်း အမေကွယ်လွန်ချိန်ဖြစ်၍ မိဘနှစ်ပါးအတွက် ရည်စူးကုသိုလ်တန်ဆောင်းတစ်ခန်း လူထုဘလောက်မောင်လေး ဦးသန်းထွန်း မိသားစုအတွက် တန်ဆောင်းတစ်ခန်း၊ ကျွန်မ သမီးကြီး ကေခိုင်ခန့်ကို မေတ္တာဖြင့် သင်ကြားပေးပါသော VEC ပညာရိပ်သာ ဆရာကြီး ဦးသူရအောင် မိသားစုအတွက် တန်ဆောင်းတစ်ခန်းတို့ကို ခင်ပွန်းသည်၏ လစာမှ လစဉ်လစဉ် အချိုးကျ ကုသိုလ်ပြုထည့်ဝင်ကာ လှူဒါန်းကျေးဇူးဆပ်ခဲ့သည်။

မိဘနှစ်ပါး၊ ဆရာသမားများအတွက် ရည်စူးကုသိုလ်အဖြစ် ဒုတိယအကြိမ် သမိုင်းတွင် ကျန်ရစ်မည့် နံရံပန်းချီရှစ်ကား လှူဒါန်းကုသိုလ်ပြုခွင့်ရရှိခဲ့သည်။ ဘဘဦးအေးမြင့်(မြန်မာသုတေသီ)က "သမီးလက်ရာနဲ့ ဒီနေရာလေးနဲ့ လိုက်တယ်။ သမီးအတွက် အိုစာမင်းစာလေး ရအောင်"ဟုဆိုကာ မြကျောက်ဆရာတော်၏ ဘောဂဝတီစေတီအသစ် တည်ဆောက်ရာတွင် ဘဘဒီဇိုင်းထုတ်ရေးဆွဲထားသော နဂါးမင်းနှင့် မိဘုရားခေါင်ကြီးတို့က ကြာငါးခိုင်ဖြင့် မြတ်စွာဘုရားအား ကြိုဆိုပုံ နံရံပန်းချီရှစ်ကားနေရာပေး ရေးဆွဲစေခဲ့သည်။ ထိုပန်းချီကားများရေးဆွဲနေရင်း ဂုဏ်တော်များ၊ ပဋ္ဌာန်းများရွတ်ဆိုပူဇော်ရေးဆွဲရာ ဆေးရောင်များ ပိုမိုတောက်ပ လှပလာကြောင်း ခံစားသိရှိရပြီး ကျွန်မအား ပန်းချီပညာသင်ကြားပေးခဲ့ပါသော ကွယ်လွန်သူ ဆရာကြီး ဦးအေးကျော်၊ ဦးကံညွန့်၊ ဦးကျော်လေး၊ ဦးပေါ်ဦးသက်၊ ဦးထွန်းညွန့်တို့၏ ကျေးဇူးပုံရိပ်များ စိတ်အာရုံမှာ ပေါ်လာပြီး ဆရာသမား၊ မိဘနှစ်ပါးတို့၏ ကျေးဇူးဆပ်သည့်အနေဖြင့် အနုပညာကြေး လှူဒါန်းခဲ့ပါသည်။

ကျွန်မနံရံပန်းချီရှစ်ကား ရေးဆွဲနေစဉ် မြကျောက်ဆရာတော်ဘုရားကြီး ကြွရောက်ကြည့်ရှုကာ "မိဖုရားခေါင်ကြီး မျက်နှာတော်က မယ်တော်ကြီးအတိုင်းပဲ"ဟု မမျှော်လင့်သောစကားမိန့်ကြားတော်မူသဖြင့် စိုးထိတ်စွာ လန့်ဖျတ်အံ့သြသွားမိသည်။ မြကျောက်ဆရာတော်က ကျွန်မအား "မယ်တော်ကြီး"ဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိသည်။ နံရံပန်းချီရှစ်ကား အခကြေးငွေမယူဘဲ လှူဒါန်းသူ ကျွန်မအတွက် မြကျောက်ဆရာတော်ဘုရား ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိစဉ် ဆရာတော်ဘုရားက "မယ်တော်ကြီး တရားထိုင်ရင် ဝတ်ဖို့"ဟုဆိုကာ ထိုင်းယောဂီများ ဝတ်ဆင်သည့် ကြွေရောင်ဆွတ်ဆွတ် ဖြူဝတ်စုံ နှစ်စုံ ချီးမြှင့်တော်မူခဲ့သည်။ မိဘ၊ ဆရာ ကျေးဇူးတရားကို သိတတ်ပြန်လည်ပေးဆပ်ခြင်း ရည်စူးကုသိုလ်အတွက် လက်တွေ့ဘဝမှာ ထူးထူးဆန်းဆန်းကောင်းကျိုးရလဒ်အဖြစ် တသသ ပြန်တွေးတိုင်း ကြည်နူးပီတိဖြာနေဆဲပင်။

ယခုနှစ် စိန်ရတုအလွန် အကြိုကုသိုလ်ပွဲလေးလုပ်မည်ဟု စိတ်ကူးကတည်းက ရင်ထဲမှာ ကြည်နူးပီတိ တသိမ့်သိမ့်ဖြင့် အပျော်ကြီးပျော်နေမိသည်။ မိဘနှစ်ပါးကြိုက်နှစ်သက်သည့် အာဟာရများဖြင့် ကိုယ်နှစ်သက်လေးစားခင်မင်သူ စာရေးဆရာ၊ ဆရာမများအား ကာလဒါနအာဟာရများ ကျွေးမွေးရန် ည ၁ နာရီထကာ ပြင်ဆင်နေခဲ့သည်။ အလုပ်တွေ မပြီးခင် "မီးမပျက်ပါနဲ့ဦး""ဟု ကျွန်မဆုတောင်းစကားကို အက်ဒီဆင်ရဲ့ မီးလုံးလေးက ကြားသိသနားသွားကာ ကူညီပါရမီဖြည့်ပေး၍ စိတ်အေးချမ်းသာ ကုသိုလ်အာဟာရများ ပြင်ဆင်နိုင်ခဲ့သည်။ ကိုယ်တစ်ယောက်ထဲ ဖွဲ၊ လုံ့လ၊ ဝီရိယထားကာ အုန်းသီးတွေခြစ် မုန့်ဆမ်းလုပ်၊ ဆနွင်းမကင်းလုပ် သဒ္ဓါတရားပြည့်လျှမ်းကာ စုံစုံလင်လင်ကျွေးချင်သဖြင့် အုန်းနို့၊ ကျောက်ကျောပါ ထပ်ဖြည့်ကာ အိုးဝေကားလေး တစ်ရက်ကြိုချိန်းငှားထားသဖြင့် နန်းတော်ရှေ့စာပေဝိုင်းသို့ စောစောရောက်သွားခဲ့သည်။ အာဟာရမုန့်များ ခင်လေး(စာချစ်သူ)နှင့်အတူ ကူညီပြင်ဆင်ပေးနေချိန်မှာ ဆရာစိုးအောင်မိန်းထံမှ ဆရာအောင်တင်ဝင်းထံ ဝင်လာသောဖုန်းမှ ကျွန်မ မန္တလေးနေ့စဉ်သတင်းစာတွင် မနှစ်က ရေးသားခဲ့သော "မန္တလေး၏ အသဲနှလုံး အလှဆုံးနေရာ"ဆောင်းပါးလေးကို ကြိုက်နှစ်သက်သဖြင့် လာရောက်ပြောကြားလိုကြောင်း ပြောကြားသဖြင့် ကျွန်မ၏ စာဖတ်ပရိတ်သတ်တစ်ဦးအဖြစ် လေးစားစွာ မှတ်တမ်းတင်ရပါသည်။

မွေးနေ့ အကြိုကုသိုလ်ပွဲလေးမှာ ရဟန်းစာဆို ဘာဝနာဂုဏ်ရည် ဆရာတော် တက္ကသိုလ်တေဇာလင်းက မွေးနေ့မင်္ဂလာ မုဒိတာစကားမွန်ချီးမြှင့် ဟောကြားပေးသဖြင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသွားတော့သည်။ ကျွန်မ၏ ကုသိုလ်ပွဲလေး ဒါနမြောက်အောင် ကြွရောက်ချီးမြှင့်ပေးကြသော စာတင်းကုပ်ဝိုင်းတော်သား/သူ ဆရာကြီး၊ ဆရာမကြီးများအား အထူးပင်လေးစား ကျေးဇူးတင်ရပါသည်။ ကျွန်မနှင့် ခင်မင်ရင်းနှီးသူများရော တစ်ခါမှ စကားမပြောဘူးသော စာပေချစ်သူများက ကျွန်မအား ခင်မင်စွာ မေတ္တာသင်္ကေတ တစ်ယောက်တစ်မျိုးလက်ဆောင်တွေပေးကြတော့ ထင်မှတ်မထားသဖြင့် အံ့သြလှစွာ အင်မတန်ကြည်နူးပျော်ရွှင်ခဲ့ရသည်။ ကျွန်မအတွက် ကြေးဖြင့် ထုဆစ်ရှင်သီဝလိရုပ်တုတော်၊ မျက်နှာသုတ်ပုဝါ၊ အသင့်ဝတ်အင်္ကျီ၊ ပါတိတ်လုံချည်၊ ခြုံပုဝါ၊ ဒိုင်ယာရီစာအုပ်၊ ကဗျာစာအုပ်၊ တရားဓမ္မစာအုပ်များ၊ ဆောင်းပါး စာအုပ်များစွာ လက်ဆောင်ပေးကြသည်။ အင်တာနက်မှ ကျွန်မဓာတ်ပုံရှာကာ ဓာတ်ပုံပုံကြီးချဲ့မှန်ဘောင်သွင်း၍ လက်ဆောင်ပေးသူ ပန်းချီဆရာမ ဓာတ်ပုံရှာ၍ ပုံတူပန်းချီကားရေးဆွဲကာ လက်ဆောင်ပေးလာတော့ အံ့အံ့သြသြရင်မှာထိရှ ကြည်နူးရပါဘိသည်။ သာသနာရေးဌာန ညွှန်ကြားရေးမှူးစာရေးဆရာကြီး ဦးခင်မောင်ဝင်းက နေမကောင်းဖြစ်၍ ဆေးခန်းအပြန်မှာ ဆရာမပွဲကို မရောက်ရောက်အောင် လာရောက်ချီးမြှင့်တာပါဆိုတော့ စိတ်မကောင်းစွာ ကျေးဇူးအထူးတင်၍ အားနာမိပါသည်။ ကျွန်မ၏ ကုသိုလ်ပွဲလေးကို ခရီးဝေးလွန်းသော်ငြား စေတနာထားကာ ကားခ အကုန်ခံ အိုးဝေလေးငှားကာ မပျက်မကွက် စုံစုံညီညီကြွရောက်လာသူ ဆရာဟာမိုနီတို့၏ အမရပူရစာပေချစ်သူအဖွဲ့ကို အထူးလေးစားကျေးဇူးတင်ပါသည်။ စာပေ သစ္စာ၊ စာပေသံယောဇဉ်ကြီးမားစွာ ချစ်ချစ်ခင်ခင် စာပေစကားတွေ ပြောကြားကြ ကျွန်မ၏ မွေးနေ့ကို ဂုဏ်ပြုကာ သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာ အနုပညာသစ်တွေ ဖန်တီးနိုင်ပါစေကြောင်း ဆုမွန်တောင်း ချီးမြှင့်သူများရဲ့ လက်ခုပ်သြဘာ အသံတွေ ဝေစည်ညံကာ ကြွရောက်သူအားလုံး ပျော်ရွှင်ကြည်နူးနေကြလျက် မှတ်တမ်းတင်ဓာတ်ပုံတွေ ရိုက်ကြနဲ့ စည်ကားပျော်ရွှင်လို့နေပါတယ်။ ဒီအထဲမှာ ထူးထူးခြားခြား ကျွန်မအတွက် သီးသန့်ကဗျာစပ်ဆိုကာ "ပန်းချီစာပေနှစ်ထပ်ကွမ်း အမကြီး" ကဗျာရွတ်ဆို ဂုဏ်ပြုပါသော ဆရာပြည့်အောင်နှင့် "နန်းရှေ့သူ မမကြီး"ကဗျာဖြင့် ပျော်ရွှင်စွာ ရွတ်ဆိုဂုဏ်ပြုပေးပါသော ဆရာဝင်းပေါ်ဦးတို့ နှစ်ဦးကြောင့် မွေးနေ့ပွဲလေး ပိုမိုလှပသက်ဝင်လှုပ်ရှားနေတော့သည်။ ကျွန်မလက်ဆောင်ပေးထားသော ဗုဒ္ဓယဉ်ကျေးဂျာနယ်ထဲတွင် ပါဝင်သော ကျွန်မကဗျာလေးများကို ကြည်နူးစွာ၊ ပျော်ရွှင်စွာ ပြန်လည်ရွတ်ဆိုဂုဏ်ပြုပေးကြသော စာရေးဆရာ ဆရာကြည်မင်းဝေ၊ တိုင်းရင်းဆေးဆရာကြီး ဦးကျော်သိန်းဌွေးတို့၏ အသံ၊ မာန်၊ ဌာန်တို့ကြောင့် ဧရာဝတီစာပေပွဲတော် စိမ်းမြမြမြက်ခင်းပြင်ပေါ်က နေ့စဉ် ၃ရက်တာ ကျွန်မတို့ ကဗျာတွေ ရွတ်ဆိုခဲ့ကြတဲ့ ကဗျာပွဲတော်ကြီးကို လွမ်းမောတသ သတိရမိပြန်သည်။

နေ့ခင်းမှာ ကျွန်မသမီးငယ် ဒေါ်ရွှေရည်ဝင်းက အမေချစ်တဲ့ ဦးပိန်တံတားနှင့် ပန်းချီဆွဲချင်တဲ့ မယ်ဇယ်ပင်တန်းအောက်က "သဇင်နွယ်"စားတော်ဆက်မှာ နေ့လယ်စာကျွေး၊ မြေးလေးနှစ်ယောက်နဲ့ အမှတ်တရ ဓာတ်ပုံတွေရိုက် မှတ်တမ်းတင်ရင်း မွေးနေ့၊ မွေးရက်၊ မွေးလတိုက်ဆိုင်လာတဲ့ စိန်ရတုအလွန် မွေးနေ့ကတော့ ပြည့်စုံရွှင်လန်းချမ်းမြေ့စွာ တစ်သက်တာ မမေ့နိုင်တဲ့ ကြည်နူးအေးချမ်းတဲ့ နေ့တစ်နေ့တာပါပဲ။ အထူးသဖြင့် စာပေသစ္စာ၊ စာပေသံယောဇဉ်၊ ခင်မင်ခြင်းသင်္ကေတအဖြစ် ကြွရောက်လာကြသူ စာပေချစ်သူ အားလုံးကို လေးစားကြည်နူးစွာ ဂုဏ်ပြုမော်ကွန်းတင်ရပါတယ်။

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်၊ အကွက်အမှတ်(၄၃၄)၊ ဦးပိုင်အမှတ်(၃ + ၅)အတွင်းရှိ၊ အရှေ့အနောက်(၄၅ ပေ)၊ တောင်မြောက်(၁၈ ပေ) အရှိအတိုင်းဖြစ်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ သွပ်မိုးအဖီတဲ (၁-ထပ်) အဆောက်အအုံ၊ သွယ်တန်းတပ်ဆင်ထားသော လျှပ်စစ်မီတာ၊ အဝီစိတွင်းရေတုတ် + ရေမော်တာ၊ ဖိုက်ဘာရေကန် အနှံ့ဆိုးထုတ်ပန်ကာ ဆက်လက်အသုံးပြုခွင့်၊ ပေါက်ရောက်သစ်ပင်ဝင်းခြံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလပိုင်ဆိုင်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး ဦးသန်းထွန်းဦး(၉/မနတ(နိုင်)၀၄၇၃၈၄)၊ ဒေါ်ဝါဝါအောင်(၉/မဟမ(နိုင်)၀၁၂၈၂၀)၊ ဒေါ်သိန်းသိန်းဦး(၉/မနတ(နိုင်)၀၁၆၅၆၁)တို့က ရောင်းချရန်ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယုယုလှိုင်မှ ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်မင်း (B.Sc(Chem;),Dip in Business Law,H.G.P)**
**အထက်တန်းရှေ့နေ(စဥ်– ၂၀၀၅၁)**
**လမ်း ၈၀နှင့် ၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၉)၊ ဦးပိုင်အမှတ်(၆၂-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်သိန်းတင့် အမည်ပေါက်လျက်ရှိသော ဂရန်မြေကွက်ဖြစ်ပါသည်။ ယခုအခါ အဆိုပါဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင် ပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ-ဦးစံလွင်ဦး(ဘ)ဦးစံရွှေ(၉/ခအဇ(နိုင်)၀၃၃၃၇၄)က ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများပြသပြီး လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးဝင်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံတိကျသော ပိုင်ဆိုင်မှု အထောက်အထားပြု စာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်နိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၇၁၇၅)**
**၆၄လမ်း၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၁၃၃၁၄၊ ၀၉–၂၅၉၂၀၄၇၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅/N-3)၊ ဦးပိုင်အမှတ်(၁၄၈) အတွင်းရှိ မြေပြင်တွင် တိုင်းတာပိုင်းခြားသတ်မှတ်ထားပြီး မျက်နှာစာ ပေ(၂၀)၊ အရှေ့-အနောက် ပေ(၄၀) အကျယ်အဝန်းရှိသော မြေကွက်နှင့် ဆောက်လက်စ အဆောက်အအုံပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးအေးခိုင်(ဘ)ဦးငွေးမြင့်(၉/မနမ(နိုင်)၁၂၀၀၇၇)မှ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညွန့်စိန် (L.LB)**
**တရားလွှတ်တော်ရှေ့နေ**
**၆၉(အေ)လမ်း၊ ၃၇လမ်းနှင့်၃၈လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၆၃၆၁၄၀၁၊ ၀၉–၄၄၁၀၂၇၃၀၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာ၊ အလယ်ရပ်အတွင်းရှိ အရှေ့လားသော် ဦးဘငွေး အိမ်ဝိုင်းမြေနှင့် ဟာဖစ်ကျောင်းမြေအစပ်၊ အနောက်လားသော်-ဒေါ်ပြန့် အိမ်ဝိုင်းမြေ၊ လမ်းနှင့် ဦးအေးမောင် + ဒေါ်ရာဘီယာတို့၏ အိမ်ဝိုင်းမြေအစပ်၊ တောင်လားသော်-ဦးအေးမောင် + ဒေါ်ရာဘီယာတို့၏ အိမ်ဝိုင်းမြေနှင့် ဦးမင်းမောင် အိမ်ဝိုင်းမြေအစပ်၊ မြောက်လားသော် ဒေါ်ပြန့် အိမ်ဝိုင်းမြေနှင့် ဦးစိုးကြီး အိမ်ဝိုင်းမြေအစပ် စသည့်နယ်လေးရပ်အတွင်းရှိ အိမ်အမှတ်(၇၃၃) မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ + မီး အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်မေရီ(ဘ)ဦးဖေစီ(၉/အမရ(နိုင်)၀၅၄၀၈၇)၊ သား-ဦးငြိမ်းချမ်းဝင်း(ဘ) ဦးအိစမ်အင်း(ခ)ဦးခင်မောင်ဝင်း(၉/အမရ(နိုင်)၁၇၈၆၈၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဤမြေအရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချစ်စန်းမောင် (LL.B) ဒေါ်မွန်မွန်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၅၁လမ်း၊ ၁၁၇လမ်း၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၉၀၈၈၆၅၂၊ ၀၉–၂၅၁၁၁၅၅၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေဥမ်းထုတ်ကျေးရွာ၊ အကွက်အမှတ်(၅၉၅-က)၊ ဦးပိုင်အမှတ်(၂၃-က)၊ ဧရိယာ(၀ ဒသမ ၀၈)ဧက အကျယ်အဝန်းရှိ ဦးကျော်စွာထွန်း အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း တောင်မြောက်(၂၂)ပေ၊ အရှေ့အနောက်(၈၃)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်သူထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဦးအောင်နိုင်ဖြိုး(ဘ)ဦးအောင်နိုင်(၁၂/ပဇတ(နိုင်)၀၃၈၈၃၂)၊ ၂။ ဦးအောင်မြင့်(ဘ)ဦးအောင်သိန်း(၉/မရမ(နိုင်)၀၁၄၃၁၀)၊ ၃။ ဒေါ်ဇင်မာနိုင်(ဘ)ဦးမြင့်ကြည်(၁၄/လပတ(နိုင်)၁၉၄၂၈၀) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါ်သက်သက်မာ(LL.B,D.B.L) | ဒေါ်ချိုချိုသင်း(LL.B,D.B.L) | ဒေါ်ဝေလွင်အောင်(LL.B) |
|---|---|---|
| (စဉ်–၁၂၃၈၀) | (စဉ်–၁၃၂၉၉) | (စဉ်–၁၁၈၇၁) |

**တရားလွှတ်တော်ရှေ့နေများ**
**တံခွန်တိုင်၊ ဈေးတန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၄၄၀၁၄၁၉၂၊ ၀၉–၄၀၂၅၅၂၅၂၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၁)၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးသောင်း အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးထိန်လင်း(ဘ)ဦးအောင်သောင်း(၉/ကပတ(နိုင်)၁၂၉၉၆၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၄၇ + ၆၄ အတွင်းမှ ခဲစင်းပြ/၄၇-ခဲစင်း)၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြား၊ လမ်း၅၀နှင့် ၅၁လမ်းကြားရှိ ဦးကျော်သန်း အမည်ပေါက် တောဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးကျော်သန်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၂၉၃/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ညွန့်ခင်(၉/ပသက(နိုင်)၀၂၇၈၃၈)၏ (GP ရရှိသူ ဒေါ်မိုးမြင့်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၉၂၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃)၊ ဦးပိုင်အမှတ်(၃၈)၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ ၆၀(A)လမ်းနှင့် ၆၀(B)လမ်းကြားရှိ ဒေါ်နုနုလှိုင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်သန်းသန်းအေးက တရားပြိုင် ဒေါ်နုနုလှိုင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၉၅/၂၀၂၂)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်သန်းသန်းအေး (၉/မဟမ(နိုင်)၀၀၀၁၈၂)က တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၇၂)၊ ဦးပိုင်အမှတ်(၄၁-ဈ)၊ ဧရိယာ(၀ ဒသမ ၁၉၄၀)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် များစွာကတည်းက အသီးသီးကွယ်လွန်သွားသောအခါ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကွန်းကြည်(ဘ)ဦးလှရင်(၁၂/သကတ(နိုင်)၀၃၉၂၄၄)ကိုင်ဆောင်သူ မသိရှိဘဲ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ်-ချုပ်ဆိုခြင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်းများနှင့် ဂရန်အမည်ပြောင်း လျှောက်ထားခြင်း၊ ကိုယ်စားလှယ်စာလွှဲအပ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကွန်းကြည်၏ လွှဲအပ်ချက်အရ–**
**ဒေါ်ဇင်မာထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**တံခွန်တိုင်ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၉၇၇၃၇၄၄၈၇**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မိတ္ထီလာမြို့ရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများ ကျောင်းဥပစာရိပ် ကောင်းမွန်ရေး ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့်အတူ ယနေ့နံနက်ပိုင်းက မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းနှင့် မိတ္ထီလာမြို့ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းဥပစာရိပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာတက္ကသိုလ်သို့ရောက်ရှိပြီး သဟာယခန်းတွင် မိတ္ထီလာတက္ကသိုလ်၏ Master plan ကိုကြည့်ရှုစစ်ဆေး၍ စာသင်ဆောင်များ၊ အရာထမ်း၊ အမှုထမ်းအိမ်ရာနှင့် ကျောင်းသားကျောင်းသူအိပ်ဆောင်များ၊ တည်ဆောက်နေရာချထားမှုများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ယင်းနောက် တက္ကသိုလ်ဝင်းအတွင်း လှည့်လည်၍ မိတ္ထီလာတက္ကသိုလ်သုတေသနစင်တာ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် စာသင်ဆောင်များ၊ အရာထမ်း၊ အမှုထမ်းအိမ်ရာများ၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၊ ကျောင်းဥပစာရိပ်ကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းအတွင်း အေးချမ်းစွာပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ တက္ကသိုလ်တွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ စီမံဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို ဗလငါးတန်နှင့်ပြည့်စုံပြီး အမှန်တကယ်ကျွမ်းကျင်တတ်မြောက်သူများဖြစ်အောင် သင်ကြားပို့ချပေးကြစေလိုပါကြောင်း၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ဆရာ ဆရာမများကိုယ်တိုင်က မိမိတို့ဘာသာရပ်ဆိုင်ရာ စာအုပ်၊ စာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာနေကြရန်လိုအပ်ပါကြောင်း၊ လက်တွေ့ခန်းသုံး၊ သုတေသနသုံးစက်ပစ္စည်းများကိုလည်း အကျိုးရှိရှိ ထိရောက်စွာ အသုံးပြုဆောင်ရွက်ကြစေလိုပါကြောင်း၊ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားရေးအပြင် စီမံဘဏ္ဍာဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြစေလိုပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တတ်မြောက်စေရုံမျှမက မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိသော လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးစေလိုပါကြောင်း၊ မိမိတို့တက္ကသိုလ်၏ သင်ကြားရေး၊ စီမံရေးဆိုင်ရာများ အရည်အသွေးတိုးတက်မြင့်မားအောင် အားလုံးက ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း မှာကြားပြီး ဌာနအလိုက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကျောင်းအတွင်းတည်ဆောက်ဆဲ အဆောက်အအုံများ၊ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ အဆောက်အအုံများနှင့် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ကျောင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်



## နှစ်ပေါင်း ၅၆ နှစ်အတွင်း မန္တလေးဆိပ်ကမ်းတွင် စိုးရိမ်ရေအမှတ်ကျော်လွန်သည့်နှစ် ၁၆ နှစ် ရှိခဲ့သည်ဟု ဆို

မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေမှတ်တမ်းများအရ နှစ်ပေါင်း ၅၆ နှစ်အတွင်း စိုးရိမ်ရေအမှတ်အထက် ကျော်လွန်ခဲ့သည့် နှစ် ၁၆ နှစ်ရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ-မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

၁၉၆၈ ခုနှစ်မှ စတင်၍ ၂၀၂၃ ခုနှစ်ထိ ၅၆ နှစ်ကာလအတွင်း မှတ်တမ်းများအရ မန္တလေးဆိပ်ကမ်း၏ စိုးရိမ်ရေအမှတ် ၁၂၆၀ စင်တီမီတာအထက်ကျော်လွန်ခဲ့ပြီး ၂၀၀၄ ခုနှစ်က စိုးရိမ်ရေအမှတ်ကျော်လွန်ခဲ့သည့် စံချိန်တင်ခဲ့သည်ဟု ဆိုသည်။

“မြစ်ရေတိုးလာတဲ့ ဖြစ်စဉ်က နှစ်စဉ်မိုးဦးရာသီကစပြီး မိုးလယ်ရာသီဆုံးတာနဲ့ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွေမှာ မုတ်သုံမိုးတွေ ပျံ့နှံ့စွာရွာသွန်းရာကစတင်တယ်။ ဧရာဝတီမြစ် အလယ်ပိုင်းဒေသတွေမှာ မြစ်ရေမှတ်တမ်းတွေအရဆိုရင် ဇူလိုင် ဒုတိယပတ်ကနေ ဩဂုတ် ဒုတိယပတ်လောက်ထိ မြစ်ရေကြီးတဲ့ အကြိမ်ရေများတယ်” ဟု ၎င်းက ပြောသည်။

အဆိုပါ နှစ်ပေါင်း ၅၆ နှစ်အတွင်း စိုးရိမ်ရေအမှတ်ကျော်လွန်ခဲ့သည့် နှစ်များမှာ ၁၉၇၀ ခုနှစ်၊ ၁၉၇၁ ခုနှစ်၊၁၉၇၃ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၇၆ ခုနှစ်၊ ၁၉၇၉ ခုနှစ်၊ ၁၉၈၇ ခုနှစ်၊ ၁၉၈၈ ခုနှစ်၊ ၁၉၉၇ ခုနှစ်၊ ၁၉၉၈ ခုနှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၉ ခုနှစ်တို့ဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် မြစ်ရေအမှတ် ၁၃၈၂ စင်တီမီတာသို့ ရောက်ရှိခဲ့ရာ စံချိန်တင်ခဲ့ကြောင်း သိရသည်။

“မိုးလေဝသနဲ့ ဇလဗေဒဌာနအနေနဲ့ စိုးရိမ်ရေအမှတ်ရောက်ဖို့ ၃ ပေခန့်အလိုမှာ မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်ပေးပြီး မြစ်ရေအတက်/အကျ အခြေအနေကို သတင်းထုတ်ပြန်ပေးမှာဖြစ်လို့ မြစ်ရေကြီးမှု ဘေးလျော့ပါးရေးအတွက် မိုး/ဇလဌာနရဲ့ မြစ်ရေသတင်းတွေနဲ့အတူ ရေမကြီးမီ၊ ရေကြီးစဉ်၊ ရေကြီးပြီးချိန် ဆောင်ရွက်သင့်တဲ့ ပြင်ဆင်သင့်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ထားသင့်ကြောင်း အကြံပြုပါတယ်” ဟု ဆက်လက်ပြောကြားသည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်)၊ မန္တလေးဆိပ်ကမ်း မြစ်ရေတိုင်းတာမှု မှတ်တမ်းများ

စာမျက်နှာ ၅ သို့ ➤

## ခြေစွမ်းအသာဖြင့် ရိုမေးနီးယားကို ဂိုးပြတ်အနိုင်ယူကာ နယ်သာလန်အသင်း ကွာတားတက်ရောက်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့၊ အရီနာမြူးနစ်ဘောလုံးကွင်းတွင် နယ်သာလန်အသင်းနှင့် ရိုမေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်အသင်းက ရိုမေးနီးယားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ယခုပွဲစဉ်တွင် နယ်သာလန်အသင်းက ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ရိုမေးနီးယားအသင်းက ၄-၁-၄-၁ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။ ကွာတားဖိုင်နယ်တက်ရောက်ရေး ပွဲစဉ်ဖြစ်သည်နှင့်အညီ နှစ်ဖက်အသင်း ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကလည်း မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ပွဲကြည့်ကောင်းနေခဲ့သည်။ ပွဲစသည်နှင့် နယ်သာလန်အသင်းက တစ်သင်းလုံးစုဖွဲ့မှုအားကောင်းကောင်းဖြင့် ရိုမေးနီးယားအသင်းဘက်ကို တောက်လျှောက်တိုက်စစ်ဆင်ကစားခဲ့သည်။ ပွဲချိန် မိနစ် ၂၀တွင် ဇာဗီဆိုင်မွန်၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် ဂတ်ပိုက ရိုမေးနီးယားအသင်း နောက်ခံကစားသမားများကို ကျော်ဖြတ်ကာ ဂိုးသမား ညာဘက်ထောင့်သို့ သွင်းယူပြီး နယ်သာလန်အသင်းအတွက် ဦးဆောင်ဂိုး ရယူပေးသွားသည်။ ဆက်တိုက်ဆိုသလို ပွဲချိန် ၂၆မိနစ်တွင် နယ်သာလန်တို့ ထောင့်ကန်ဘောရရှိခဲ့ပြီး အဆိုပါ ထောင့်ကန်ဘောကို နောက်ခံကစားသမား ဗန်ဒိုက်ချ်က ကန်တင်ပေးပို့ခဲ့ရာ ကျောနံပါတ် ၆ စတီဖန်က အပိုင်ခေါင်းတိုက်သွင်းယူခဲ့သော်လည်း ဂိုးနှင့်အနည်းငယ်လွဲချော်ခဲ့မှုကြောင့် ဂိုးရရှိမည့် အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။ ရိုမေးနီးယားအသင်းကလည်း ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းခဲ့သော်လည်း နယ်သာလန်အသင်း ခံစစ်ပိုင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိသောကြောင့် ဂိုးရရှိရန်ခက်ခဲခဲ့သည်။ ပထမပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် နယ်သာလန်အသင်းက ရိုမေးနီးယားအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်လည်း နယ်သာလန်အသင်းကသာ ပွဲကို စိုးမိုးထားနိုင်ခဲ့ပြီး ပွဲချိန် ၅၃မိနစ်တွင် ပင်နယ်တီဧရိယာအတွင်းမှ ဒီပိုင်း၏ ကန်ချက် ရိုမေးနီးယားအသင်းနောက်ခံကစားသမားများ

စာမျက်နှာ ၅ သို့ *

